ကတညုတာ ဧတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဧပြီ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၀၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မား ရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မား ရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်း စောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗြိတိန်နိုင်ငံဘုရင်မကြီးထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၁

၂၀၀၄ခုနှစ် ဧပြီလ ၂၁ရက်နေ့တွင် ကျရောက်သော ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လဇ္ဇဘက် ဘုရင်မကြီး၏ မွေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ဗြိတိန်နိုင်ငံ ဒုတိယမြောက်အယ်လဇ္ဇဘက် ဘုရင်မကြီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

တက်ရောက်ဆွေးနွေးမှာကြား

မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီအစည်းအဝေးအမှတ်စဉ်(၁/၂၀၀၄)သို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ပြိုင်ဆိုင်မှုများ၏အားနည်းချက်၊အားသာချက်များကို မှန်မှန်ကန်ကန်သုံးသပ် အားကစားကဏ္ဍအောင်မြင်တိုးတက်မှုရရှိရေးပံ့ပိုးမှုများပေးလျက်ရှိ ပြင်းပြင်းထန်ထန်ကြိုးစားကြရဦးမည်ဆိုသည့်ခံယူချက်ဖြင့်စဉ်ဆက်မပြတ်ကြိုးပမ်း

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီအစည်းအဝေး(၁/၂၀၀၄)ကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)ပတ္တမြားခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံအမျိုးသားအိုလံပစ် ကောင်စီဝင်များဖြစ်ကြသော အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံအိုလံပစ်ကောင်စီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် အထူးဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

မှန်မှန်ကန်ကန်သုံးသပ်

အစည်းအဝေးတွင် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးတွင် နိုင်ငံတကာ အားကစားပြိုင်ပွဲများ၌ အောင်မြင်မှုရရှိရေးအတွက် ဆောင်ရွက်ဖွယ်ရာများကို ကြိုတင်ဆောင်ရွက်ရေးနှင့် ယခင်အားကစားပြိုင်ပွဲများတွင် မိမိတို့ ဆောင်ရွက်မှုများ၊ ပြိုင်ဆိုင်မှုများ၏ အားနည်းချက်၊ အားသာချက်များကို မှန်မှန်ကန်ကန်ပြန်လည် သုံးသပ်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရကအားကစားကဏ္ဍအောင်မြင်တိုးတက်မှုများရရှိရေးအတွက်မည်သည့်အချိန်ကာလနှင့်မှ မတူသည့် ဦးဆောင်ပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိက အပိုင်းကဏ္ဍကလည်း အားကစား သမားများအတွက်ရော၊ နည်းစနစ်များတိုးတက်မှုရရှိရေးအတွက်ပါ ကူညီပံ့ပိုးထောက်ပံ့မှုများကို အားတက် သရောတက်တက်ကြွကြွ အားပေးလျက်ရှိနေကြောင်း၊ အလားတူပင် ပြည်သူအပေါင်းကလည်း အားတက် သရောအားပေးလျက်ရှိကြကြောင်း။

အားနည်းချက်များရှိဆဲ

နိုင်ငံတော်အနေဖြင့် "မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်"ဆိုသည့်မွန်မြတ်မြင့်မားသော ရည်မှန်း ချက်ကိုထားရှိပြီး အားကစားကဏ္ဍ တိုးတက်မြင့်မားရေးကို အားပေးဆောင်ရွက်လျက်ရှိသည်မှာ အချိန် တော်ကြာလာခဲ့ပြီဖြစ်သော်လည်း အောင်မြင်မှုများထိုက်သင့်သလောက် မရရှိသေးဘဲ အားကစားကဏ္ဍအလိုက် ချို့ယွင်းအားနည်းချက်များရှိနေဆဲဖြစ်သည်ကို တွေ့ရှိရကြောင်း။

ဌာနဆိုင်ရာအပိုင်းရော လက်တွေ့အကောင်အထည်ဖော်မှုများအပိုင်းပါ အားနည်းမှုများရှိနေသေးသည် ကိုတွေ့ရကြောင်း၊ ထို့ကြောင့်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို အားသစ်လောင်း ပြင်ဆင်ဖွဲ့စည်းပြီး အားကစား တိုးတက်မြင့်မားမှုများရရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း။ *စာမျက်နှာ ၉ ကော်လံ ၁* ▶

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေး စေတနာထား၍ ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် ဘက်စုံထောင့်စုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည် ဖော်လျက်ရှိသည်။

ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်ရေးတွင် ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် မရှိမဖြစ် လိုအပ်သည်။ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေးအတွက် အမျိုးသားညီလာခံကျင်းပ၍ ညီလာခံကိုယ်စားလှယ်များက ပြည်သူတို့ကိုယ်စား ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲနိုင်ရေးအတွက် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ညှိနှိုင်းရေးဆွဲကြရမည် ဖြစ်သည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ပထမအကြိမ် အစည်းအဝေးကို လွန်ခဲ့သော ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ကျိုက္ကဆံကွင်းပြည်ထောင်စုခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး အမျိုးသားညီလာခံကျင်းပရေးနှင့် ပတ်သက်၍ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် တာဝန်များကို ခွဲဝေသတ်မှတ်ပေးခဲ့သည်။

ပထမအကြိမ် အစည်းအဝေးက ချမှတ်ပေးခဲ့သော အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ကြိုတင်ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းများကို တာဝန်ရှိသူများက ကြိုတင်ဆောင်ရွက်ခဲ့ကြပြီး ဖြစ်သည်။

အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှစတင်၍ မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကွင်းစခန်း၌ ကျင်းပရန် သတ်မှတ်ထားသည်။ အမျိုးသားညီလာခံသို့ တက်ရောက်ကြရမည့် ကိုယ်စားလှယ်များ၏ အမည်စာရင်းများကို စိစစ်ရွေးချယ်ခဲ့ပြီး ၎င်းကိုယ်စားလှယ်များထံသို့ အမျိုးသားညီလာခံသို့ တက်ရောက်နိုင်ရေးအတွက် ဖိတ်ကြားစာများ ပေးပို့ထားပြီးဖြစ်သည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၁၉ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကွင်းစခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာ၌—

"ယခုကျင်းပပြုလုပ်မည့် အမျိုးသားညီလာခံသည် ၁၉၉၆ ခုနှစ်ကစတင်ပြီး ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များအနေဖြင့် ယခင်ကကဲ့သို့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့စသည့် အစုအဖွဲ့ ရှစ်ဖွဲ့ဖြစ်ကြောင်း၊ ယင်းအစုအဖွဲ့များတွင် တိုင်းရင်းသားများကို ကိုယ်စားပြုသည့် တိုင်းရင်းသားကိုယ်စားလှယ်များ အများစု ပါဝင်ကြကြောင်း"

ပြောကြားသွားသည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို ခံယူပြီး ညောင်နှစ်ပင်ကွင်းစခန်းတွင် ညီလာခံကျင်းပပြုလုပ်နိုင်ရေးအတွက် လိုအပ်သည့် အဆောက်အအုံ၊ ညီလာခံခန်းမ၊ အစုအဖွဲ့အလိုက် ဆွေးနွေးမည့် အစည်းအဝေးခန်းများ၊ အိပ်ဆောင်၊ ထမင်းစားဆောင်၊ ဆေးရုံ၊ အားကစားရုံ၊ စားသောက်ဆိုင်များနှင့် အပန်းဖြေ အနားယူစခန်းများပါ ပြည့်ပြည့်စုံစုံ ဆောင်ရွက်ထားရှိပြီး ဖြစ်ပေသည်။

သို့ဖြစ်ရာ အမျိုးသားညီလာခံကြီးကို ယခင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ထုတ်ပြန်ထားသည့် အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း အမျိုးသားညီလာခံ၏ ဦးတည်ချက် (၆)ချက်နှင့်အညီ စနစ်တကျ ကျင်းပပြုလုပ်သွားမည်ဖြစ်ပေရာ အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ရေး တာဝန်ရှိသူအသီးသီးက စေတနာထား၍ ကြိုးပမ်းဆောင်ရွက်သွားကြမည်ဟု ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏ်ပြုပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့်သီလရှင်ဆရာကြီးအား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားနှင့် တောင်ကြီးမြို့ မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်) နံနက် ၉ နာရီက တောင်ကြီးမြို့ အတုလမာရဇိန် ဆုတောင်းပြည့်မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံ၌ကျင်းပရာ အခမ်းအနားသို့ ကလောမြို့နယ် ရွှေယဉ်တောင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အရိယဝံသအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်နှင့် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဆပ်ကပ်လှူဒါန်း

အစီအစဉ်အရ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မိုင်းရှူးမြို့နယ် ဝမ်ခိုကျေးရွာ ဝမ်ခိုကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တပညာဘောဂ၊ ကလောမြို့နယ် ပဲရင်းတောင်ရွာ ရွှေယဉ်တောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အရိယဝံသ၊ တောင်ကြီးမြို့နယ် ဟမ်းဆီးကျေးရွာ ဟမ်းဆီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကုန္ဒဝံသဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ တောင်ကြီးမြို့ ရတနာသီရိရပ် ဓမ္မဝိဒူအုတ်ဖိုကျောင်းဆရာတော် ဘဒ္ဒန္တ ဇာဂရ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာ မိုင်းသောက်တောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မိုင်းပွန်မြို့ ဥယျာဉ်ကျောင်းဆရာတော် ဘဒ္ဒန္တ ဝေပုလ္လနှင့် သဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဖယ်ခုံမြို့နယ် ပုလောင်းကျေးရွာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ စန္ဒတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ညောင်ရွှေမြို့ သီရိဇေယျာသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်သာရမတီအား တိုင်းမှူး၏ဇနီးက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တောင်ကြီးမြို့မှ အလှူရှင်ဒေါ်ရွှေ၊သား ခွန်ကြာဆောင် မိသားစုတို့က ဆရာတော်ခုနစ်ပါးနှင့် သီလရှင်ဆရာကြီး ၁၀ ပါးတို့အား နဝကမ္မအလှူငွေကျပ် တစ်သောင်းစီ ဆက်ကပ်လှူဒါန်းသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

မွန်းလွဲ ၂ နာရီခွဲတွင် တိုင်းမှူးသည် အဆိုပါတောင်ကြီးမြို့ မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည့် တောင်ကြီးမြို့ မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားသို့ တက်ရောက်ရာ အစီအစဉ်အရ တောင်ကြီးမြို့ ဝမ်ခုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာဘောဂ အမှူးပြုသော ဆရာတော်သံဃာတော်များနှင့် သီလရှင်များအား တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် အမှူးပြုသော ဌာနဆိုင်ရာ အလှူမဏ္ဍပ် ၄၆ ခုနှင့် တောင်ကြီးမြို့ပေါ်ရပ်ကွက်များမှ အလှူမဏ္ဍပ် ၂၃ ခုတို့မှ အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

အဆိုပါ မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးခုနစ်ပါး၊ တောင်ကြီးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက် ၇၃ ကျောင်းမှ ပင့်သံဃာအပါး ၅၀၀၊ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးတစ်ပါးနှင့် မြို့ပေါ်ရှိ သီလရှင်ကျောင်း ရှစ်ကျောင်းမှ သီလရှင် ၁၀၈ ပါးတို့အား ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအလိုက် မိသားစုများနှင့်တောင်ကြီးမြို့ပေါ်ရှိ အလှူဒါယကာ ဒါယိကာမများက မြို့ပေါ်ဓမ္မာရုံမှစ၍ မင်းလမ်းတစ်လျှောက် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ အသီးသီး လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်

ဧပြီ ၁၇ ရက်က ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းတို့က ပွင့်ဖြူမြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်း သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(သတင်း–ဖော်ပြပြီး)

(ဆက်သွယ်ရေး)

ရေလယ်ကျွန်းရွှေဘုန်းပွင့်စေတီ ဗုဒ္ဓါဘိသေကမင်္ဂလာပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၀

ညောင်လေးပင်မြို့နယ် မဒေါက်–သောင်ကြီးဒိုင်နယ် ပြည်ကိုယ်တော်ကျေးရွာအနီးရှိ ရေလယ်ကျွန်း ရွှေဘုန်းပွင့် ပြည်တော်အေးစေတီတော်တွင် ကဆုန်လပြည့်နေ့၌ ဗုဒ္ဓါဘိသေက မင်္ဂလာပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ သုဝဏ္ဏနေ ဘုရားဂေါပကဥက္ကဋ္ဌ ဦးကျော်ဝနှင့် ဂေါပကအဖွဲ့ဝင်များ ကျေးရွာသားများစုပေါင်းကာ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။**(က–ပ)**

ရွှေမြင့်မိုရ်ကျောင်း ယဉ်ကျေးလိမ္မာ ကလေးအထူးစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၀

ယဉ်ကျေးလိမ္မာ ကလေးအထူးစခန်းပွဲကို ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း၊ အမှတ် (၁) ကျောင်းတိုက်၊ ရွှေမြင့်မိုရ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ (ပိဋကတစ်ပုံအောင်)၊ အရှင်အာသဘ(မဟာဓမ္မာစရိယ၊ မဟာဝိဇ္ဇာ–သီရိလင်္ကာ)၊ စာရေးဆရာကြီး လယ်တွင်းသားစောချစ်နှင့် အသိပညာရှင်၊ အတတ်ပညာရှင် ဆရာ ဆရာမတို့က မေတ္တာ၊ စေတနာ၊ ဝါသနာတို့ဖြင့် ဧပြီ ၂၂ရက်မှ မေ ၁ရက်အထိ ၁၀ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ ဖုန်း ၅၇၁၂၅၈၊ ၀၉ ၅၀၀ ၉၄၃၃ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

* ***ကျောဖုံးမှ***

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ ဖြစ်ကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့်ကော်မတီဝင်များ၊ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစက်မှုလက်မှု ကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စက်မှုဖွံ့ဖြိုးမှုသုံးသပ်တင်ပြ

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ရှိကြောင်း၊ **တစ်နည်းအားဖြင့် စက်မှုကဏ္ဍသည် အရှိန်အဟုန်ဖြင့်မြင့်မြင့်မားမား တိုးတက်လျက်ရှိသည်ဟု ဆိုရမည်ဖြစ်ကြောင်း။**

ထို့အပြင် လယ်ယာကဏ္ဍပြီးလျှင် တိုင်းပြည်၏ကုန်ထုတ်လုပ်မှုအပိုင်း၌ စက်မှုကဏ္ဍသည် ဒုတိယမြောက် တန်ဖိုးပမာဏအများဆုံး နေရာယူထားသည့် စီးပွားရေးကဏ္ဍဖြစ်ကြောင်း၊ စက်မှုကဏ္ဍ၌ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံ စုစုပေါင်းတစ်သိန်းကျော်ရှိပြီး အကြမ်းဖျင်းအားဖြင့် လုပ်သားအင်အားနှစ်သန်းကျော် ပါဝင်အလုပ်လုပ်လျက်ရှိကြောင်း။

ယင်းပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများ၌လည်း အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများသည် ၉၀ ရာခိုင်နှုန်းကျော် ပါဝင်နေရာယူလျက်ရှိကြောင်း။

ခေတ်မီစက်မှုနိုင်ငံ

ထို့ကြောင့် ပုဂ္ဂလိကအသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို မြှင့်တင်ပေးနိုင်မည်ဆိုလျှင် စက်မှုကဏ္ဍကုန်ထုတ်လုပ်မှုသည် သိသိသာသာတိုးတက်လာမှာ သေချာလျက်ရှိကြောင်း၊ ယင်းသို့ တိုးတက်မှုလည်း အမျိုးသားစီးပွားရေးတန်ဖိုး (ဂျီဒီပီ) တွင် စက်မှုကဏ္ဍ၏ပါဝင်မှုအချိုးအစားသည် လက်ရှိ ၁၃ ရာခိုင်နှုန်းခန့်ဖြင့် တိုးတက်ဖြစ်ပေါ်ခဲ့ရပြီး ၁၉၉၅ ခုနှစ်တွင် နိုင်ငံတော်အကြီးအကဲက စက်မှုလက်မှုဖွံ့ဖြိုးရေးဆိုင်ရာ လမ်းညွှန်ချက်မှ ငါးရပ်ချမှတ်ပေးကာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး **ကော်မတီကို ဖွဲ့စည်းတာဝန်ပေးခဲ့သည့် အချိန်မှစပြီး မူဝါဒရှိရှိ အစီအမံရှိရှိ စတင်ပြောင်းလဲ တိုးတက်လာခဲ့ခြင်း ဖြစ်ကြောင်း။**

အရှိန်အဟုန်ဖြင့်တိုးတက်

ယခုဆိုလျှင် ယင်းကဲ့သို့ ပြောင်းလဲတိုးတက်မှု ဖြစ်ပေါ်လာသည်မှာ ရှစ်နှစ်ကျော် ကိုးနှစ်အတွင်း ရောက်ရှိလာပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိက စက်မှုဇုန် ၁၉ ဇုန်အထိ စုစုစည်းစည်း တိုးတက်ဖြစ်ပေါ်လာသကဲ့သို့ နိုင်ငံတော်၏ စက်မှုကဏ္ဍသည်လည်း ထပ်ဆင့်မြှင့်တင် ပြောင်းလဲတိုးတက်ရန် အချိန်အခါရောက်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ၂၀၀၄-၂၀၀၅ခုနှစ်မှစပြီး စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် စတင်တိုးတက်ရန် မိမိတို့ ချမှတ်ထားခြင်းဖြစ်ကြောင်း။

ဤအချက်ကို ထပ်မံရှင်းလင်း တင်ပြလိုကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ခေတ်နောက်ကျနေသည့် တိုင်းပြည်ကို စနစ်သစ်ဖြင့် ပြန်လည်ထူထောင်ရာ၌

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ



မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၀၄)တွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)တွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တစ်မျိုးသားလုံး၏စီးပွားရေး၌ စက်မှုကဏ္ဍပါဝင်မှု အချိုးအစားသိသာစွာမြှင့်တင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည့်လျှပ်စစ်စွမ်းအား တစ်ပြိုင်တည်းဖြစ်ပေါ်နေ

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး အမှတ်(၁) စက်မှုဝန် ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ် မှူး ချုပ် ကျော်ဝင်း မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ညှိနှိုင်း အစည်း အဝေး အမှတ်စဉ် (၁/၂၀၀၄)တွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ယနေ့အစည်းအဝေးတွင် နိုင်ငံတော်၏စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို သုံးသပ်တင်ပြလိုကြောင်း။

ပထမကာလတိုလေးနှစ်စီမံကိန်းကာလ (၁၉၉၂-၉၃ မှ ၁၉၉၅-၉၆) အတွင်း စက်မှုကဏ္ဍသည် တစ်နှစ်ပျမ်းမျှ ၉ ဒသမ ၀ ရာခိုင်နှုန်းခန့်၊ ဒုတိယကာလတိုငါးနှစ်စီမံကိန်းကာလ (၁၉၉၆-၉၇ မှ ၂၀၀၀-၂၀၀၁)အတွင်း တစ်နှစ်ပျမ်းမျှ ၁၀ ဒသမ ၇ ရာခိုင်နှုန်းခန့် အသီးသီးတိုးတက်ခဲ့ပြီး လက်ရှိတတိယကာလတို ငါးနှစ်စီမံကိန်းကာလတွင် ၂၀၀၁-၂၀၀၂ ခုနှစ်၌ ၂၁ဒသမ၈ရာခိုင်နှုန်း၊ ၂၀၀၂-၂၀၀၃ခုနှစ်၌ ၂၆ဒသမ၈ရာခိုင်နှုန်း၊ ၂၀၀၃-၂၀၀၄ခုနှစ်၌ ၂၂ ဒသမ ၆ ရာခိုင်နှုန်းခန့် တိုးတက်လာလျက်ရှိသည့် အဆင့်မှ တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖြစ်ပေါ်လာရမည်ဖြစ်ကြောင်း၊ **သို့မှလည်း နိုင်ငံတော်သည်စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံအဆင့်မှ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုနိုင်ငံအဆင့်၊ ထိုမှတစ်ဆင့် ခေတ်မီစက်မှုနိုင်ငံအဆင့်ကို ပြည့်ပြည့်ဝဝ မြန်မြန်ဆန်ဆန်ကူးပြောင်းနိုင်မည်ဖြစ်ကြောင်း။**

လက်ရှိအခြေအနေ၌ နိုင်ငံတော်၏ စက်မှုကဏ္ဍသည် အရှိန်အဟုန်ဖြင့် တိုးတက်နေသော်လည်း လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးပမာဏနှင့် ယှဉ်လိုက်လျှင် သေးငယ်နေဆဲပင်ဖြစ်ကြောင်း၊ ကိန်းဂဏန်းအပြောင်းအလဲများရှိနိုင်သော်လည်း လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုး ပမာဏသည် ကျပ်ဘီလီယံ ၁၅၀၀ ကျော်ရှိသည့်အချိန်တွင် စက်မှုလက်မှုကဏ္ဍ၏ တန်ဖိုးမှာ ကျပ်ဘီလီယံ ၃၅၀ ကျော်ခန့်ပင်ရှိနေကြောင်း။

နိုင်ငံတော်၏ စက်မှုကဏ္ဍမှာ ၁၉၉၅ ခုနှစ်ကာလအထိ စမ်းတဝါးဝါး မပြည့်မစုံဖြစ်နေသေးသည့် အခြေခံအဆောက်အအုံများကို အမြန်ဆုံးပြည့်စုံလာအောင် အလေးထားတည်ဆောက်ခဲ့ရကြောင်း၊ စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးမြေတိုးချဲ့ခြင်း၊ သီးနှံတစ်ဧကအထွက်နှုန်း တိုးတက်အောင် နည်းလမ်းပြအားပေးခြင်း၊ ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ ရေထိန်းတံခါးများစသည့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ရာနှင့်ချီပြီး တည်ဆောက်ခြင်း၊ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ ကားလမ်း၊ ရထားလမ်း၊ လေကြောင်းလမ်း၊ ရေကြောင်းလမ်းများ တိုးချဲ့ခြင်း၊ လိုအပ်သောမြစ်ကူး၊ ချောင်းကူးတံတားကြီးများ တည်ဆောက်ခြင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် လိုအပ်သည့် လူ့အရင်းအမြစ်များ မွေးထုတ်ရေးနှင့် ကျန်းမာသန်စွမ်းသည့် လူ့အရင်းအမြစ်များဖြစ်ပေါ်လာရေးအတွက် ဒေသအလိုက်တက္ကသိုလ်များ၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ ဆေးရုံများကို တိုးချဲ့ထူထောင်ခြင်း၊ အခြေအနေပေးသော ဒေသများ၌ ပုဂ္ဂလိကစက်မှုကဏ္ဍ တိုးတက်ရေးအတွက် စက်မှုဇုန်များ ဖွဲ့စည်းနေရာချထားခြင်း စသည့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသော အခြေခံများကို မနားမနေ တွန်းအားပေးတည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ရာနှုန်းပြည့်မဟုတ်သည့်တိုင် ဖွံ့ဖြိုးတိုးတက်မှုကို ထိထိရောက်ရောက် ပံ့ပိုးနိုင်သည့် အခြေခံအဆောက်အအုံများ ဖွဲ့စည်း တည်ရှိနေပြီဟု ဆိုနိုင်ပြီ ဖြစ်ကြောင်း။

တစ်ဖက်မှလည်း Telecommunication များ တိုးချဲ့သကဲ့သို့ Satellite Data Broadcasting စနစ်နှင့် Electronic Learning Centre များထူထောင်လျက်ရှိကြောင်း၊ စာသင်ကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံကြီးများ၊ လုပ်ငန်းဌာနကြီးများ၌ Computer Network များ ထူထောင်နိုင်အောင် အရှိန်အဟုန်ဖြင့် ကြိုးစားရန်းကန်လျက်ရှိကြောင်း။

ယနေ့ကမ္ဘာကြီးသည် လျင်မြန်ပြောင်းလဲသည့် အရှိန်အဟုန်ဖြင့် နည်းပညာတိုးတက်မှုအသစ်များကို ရင်ဆိုင်နေရသော ကမ္ဘာကြီးဖြစ်ကြောင်း၊ Instant Communication & Instant Information Technology သည် ကမ္ဘာ့နိုင်ငံများ၏ ကုန်ထုတ်လုပ်မှုနယ်ပယ်၊ ဝန်ဆောင်မှု နယ်ပယ်နှင့် လူမှုဆက်ဆံရေးနယ်ပယ်တို့ကို ဆွဲကိုင်လှုပ်လျက်ရှိကြောင်း။

ကျယ်ကျယ်ပြန့်ပြန့်အသုံးပြု

လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၀ခန့်က ကမ္ဘာကို ပြောင်းလဲမှုဖြစ်စေခဲ့သော စက်မှုတော်လှန်ရေးသည် ယနေ့ အံ့မခန်းဖြစ်ပေါ်လာသည့် နည်းပညာတိုးတက်ပြောင်းလဲမှုများကြောင့် နည်းပညာအသစ်များဖြင့် လွှမ်းခြုံနေသော သတင်းနှင့်ဆက်သွယ်ရေးခေတ် (Information and Communication Age)ကို ကူးပြောင်းရောက်ရှိနေပြီဖြစ်ကြောင်း၊ Globalization Period, Information Age, Knowledge Based Economy စသည့် ဝေါဟာရအသစ်များကို တွင်တွင်ကျယ်ကျယ်အသုံးများလာသော အချိန်အခါဖြစ်ကြောင်း၊ သေးငယ်သည့် စီးပွားရေးအဖွဲ့အစည်းမှအစ ကမ္ဘာကို လွှမ်းခြုံသည့် စီးပွားရေးအဖွဲ့အစည်းများ အဆုံး၊ အံ့မခန်းပြောင်းလဲ တိုးတက်လာသည့် Information Technology ကို ကျယ်ကျယ်ပြန့်ပြန့် သုံးနေကြပြီဖြစ်ကြောင်း။

ယင်းကဲ့သို့ ပြောင်းလဲတိုးတက်နေသည့် အခြေအနေမျိုးတွင် မိမိတို့၏ စက်မှုကဏ္ဍသည် မြန်မြန်ခုန်ပျံကျော်လွှားတိုးတက်ရန် လိုနေပြီဖြစ်ကြောင်း၊ သူများကတစ်လှမ်းလှမ်းလျှင် မိမိက လေးလှမ်း၊ ငါးလှမ်း လှမ်းနိုင်ရန် လိုနေပြီဖြစ်ကြောင်း၊ စက်မှုလက်မှုကဏ္ဍမှာ နှစ်စဉ်ရာခိုင်နှုန်း ၁၀ ကျော် ၂၀ တိုးတက်နေသည် ဆိုသည့်အဆင့်ဖြင့် ကျေနပ်နေ၍ မဖြစ်နိုင်တော့ဘဲ ရှေ့ကိုအရှိန်အဟုန်ဖြင့်တက်လှမ်းမည့်အချိန်ဖြစ်ကြောင်း။

နိုင်ငံတော်၏မျှော်မှန်းချက်က ယခုကာလတို ငါးနှစ်စီမံကိန်းမှ စတင်ပြီး စက်မှုကဏ္ဍကြီး၏ ကုန်ထုတ်နိုင်စွမ်း ပမာဏကို အရှိန်အဟုန်မြင့်မြင့် တိုးတက်သွားစေရန်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများနှင့် ယှဉ်ပြိုင်ပြီး တစ်မျိုးသားလုံး၏ စီးပွားရေး၌ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို သိသာစွာ မြှင့်တင်သွားနိုင်ရန်ပင်ဖြစ်ကြောင်း။

ယင်းကဲ့သို့ တက်လှမ်းနိုင်ရန်အတွက် နိုင်ငံတော်၌လိုအပ်နေသည့် အခြေခံများကို တည်ဆောက်ထားပြီးဖြစ်ကြောင်း၊ အချို့သောရေအားလျှပ်စစ် စီမံကိန်းကြီးများသည် ၂၀၀၄ ခုနှစ် အတွင်းတွင် ပြီးစီးမှာဖြစ်သကဲ့သို့ ၂၀၀၅-၂၀၀၆နှင့် ၂၀၀၆-၂၀၀၇ခုနှစ် အတွင်းတွင်ပြီးစီးမည့် စီမံကိန်းကြီးများလည်းရှိကြောင်း၊ ဆိုလိုသည်မှာ **စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် လျှပ်စစ်စွမ်းအားသည်လည်း တစ်ပြိုင်တည်းဖြစ်ပေါ်လာနေပြီဖြစ်ကြောင်း။**

အလေးထားတည်ဆောက်

ဤသည်မှာလည်း လက်ရှိကာလတို ငါးနှစ်စီမံကိန်း၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် စက်မှုလုပ်ငန်းတိုးချဲ့ရေးနှင့် လိုက်လျောညီထွေရှိစေရန် ‘လျှပ်စစ်ဓာတ်အားကဏ္ဍ၊ စွမ်းအင်ကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး’ ဆိုသည့် ရည်မှန်းချက်နှင့်အညီ နိုင်ငံတော်အပိုင်းက အလေးထားတည်ဆောက်နေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ကမ္ဘာပြောင်းလဲမှု အခြေအနေအရရော နိုင်ငံတော်၏ ကြိုးစားပမ်းစားတည်ဆောက်ပြီးသည့် အခြေခံများအရပါ စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးကို မဖြစ်မနေဆောင်ရွက်ကြမှာဖြစ်သည့်အတွက် ‘စက်မှုထွန်းကား၊ ခေတ်ကျော်လွှား’ဆိုသည့် ရည်မှန်းချက်ကို အမြင်ရှိရှိဖြင့် ထိထိမိမိ အကောင်အထည်ဖော်နိုင်ရန် ယနေ့အစည်းအဝေး၌ လက်တွေ့ကျကျ ညှိနှိုင်းဆွေးနွေးကြရန် လိုအပ်ကြောင်း။

ယနေ့ပုဂ္ဂလိကစက်မှုဇုန်များ၏ ဧရိယာအတွင်း၌ စက်မှုလက်မှုလုပ်ငန်းပေါင်း ၆၈၃၀ ရှိပြီး စက်မှုဇုန်ပြင်ပ၌ လုပ်ငန်း၃၇၅၀၀ခန့်ရှိကြောင်း၊ ယင်းတို့မှာ မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းများဖြစ်ပြီး၊ မှတ်ပုံတင်ခြင်းမပြုသေးသည့် စက်မှုလုပ်ငန်းပေါင်းက ၅၇၀၀၀ ကျော်ရှိနေသည့်အတွက် ပုဂ္ဂလိကစက်မှုလက်မှု လုပ်ငန်းပေါင်းမှာ တစ်သိန်းတစ်ထောင်ကျော် ရှိနေပြီဖြစ်ကြောင်း၊ လုပ်ကိုင်သော လုပ်ငန်းအမျိုးအစားအလိုက် စားသောက်ရေး၊ ဝတ်ဆင်ရေး၊ နေထိုင်ရေး၊ အိမ်သုံးပစ္စည်း၊ လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေး၊ စက်မှုသုံးစက်ကိရိယာထုတ်လုပ်ရေး စသည်ဖြင့် ခွဲခြားလိုက်မည်ဆိုလျှင် အကြမ်းဖျင်းအားဖြင့် ၁၃ မျိုးခန့်ရှိပြီး အများစုမှာ စားသောက်ရေး လုပ်ငန်းအုပ်စုဖြစ်နေသည်ကို စိစစ်တွေ့ရှိရကြောင်း၊ လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေး

စာမျက်နှာ ၈ ကော်လံ ၁

အီရတ်ပြောက်ကျားများနှင့် ဒတ်ချ်တပ်ဖွဲ့ဝင်များ ဆာမာဝါမြို့အနီး၌ အပြန်အလှန်ပစ်ခတ်မှု ပြင်းထန်စွာဖြစ်ပွား

အက်စတာဒမ် ဧပြီ ၁၉

အီရတ်နိုင်ငံတောင်ပိုင်း ဆာမာဝါမြို့အနီး၌ စနေနေ့က ဒတ်ချ်တပ်ဖွဲ့ဝင်များနှင့် အီရတ်တို့ အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုတွင် အီရတ်တို့ဘက်မှ တစ်ဦးဒဏ်ရာရရှိပြီး ဒတ်ချ်တပ်ဖွဲ့ဝင်များမှာ ဒဏ်ရာမရရှိဟု ဒတ်ချ်စစ်ဘက်မှ စနေနေ့က ပြောကြားသည်။

အီရတ်ပြောက်ကျားများနှင့် ဒတ်ချ်တပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ခဲ့ကြောင်း၊ ဒတ်ချ်တပ်ဖွဲ့ဝင်များ ဒဏ်ရာမရရှိခဲ့ကြောင်း၊ အီရတ်တစ်ဦးသာ ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒတ်ချ်စစ်တပ်မှ ပြောရေးဆိုခွင့်ပုဂ္ဂိုလ်က ပြောကြားသည်။ အဆိုပါပြောရေးဆိုခွင့်ပုဂ္ဂိုလ်က ပြောကြားရာတွင် ဆာမာဝါမြို့တွင်းနှင့် မြို့ပြင်များ၌ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ သို့ရာတွင် ဒတ်ချ်တပ်ဖွဲ့ဝင် ၁၂၀၀၏ စစ်ဌာနချုပ်၌ မရှိကြောင်း၊ ဂျပန်တပ်ဖွဲ့ဝင်များ၏ အခြေစိုက်စခန်း၌ တိုက်ခိုက်မှုများ ရှိမည်မရှိမည်ကို မသိကြောင်း ပြောကြားသည်။

ဖြစ်ပွား

အီရတ်နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများတွင် အမေရိကန်နှင့် အပေါင်းအပါတပ်ဖွဲ့များအား အီရတ်လက်နက်ကိုင်ပြောက်ကျားများက ခုခံတိုက်ခိုက်မှုများ ပြုလုပ်နေလျက်ရှိရာ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားလျက်ရှိသည်။

မြင့်မား

အမေရိကန်တပ်ဖွဲ့ဝင်များ၏ သေဆုံးမှုမှာလည်း ယခုလအတွင်း အီရတ်ပြောက်ကျားတို့၏ တိုက်ခိုက်မှုများကြောင့် သေဆုံးရသည့် အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်သည် မြင့်မားလျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ

အီရတ်အရေး ကုလလုံခြုံရေးကောင်စီဆုံးဖြတ်ချက်သာ အတည်ဖြစ်စေရန် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးပြောကြား

ပါရီ ဧပြီ ၁၉

အီရတ်ပြည်သူများသို့ စစ်မှန်သောအုပ်ချုပ်ရေးလွှဲပြောင်းမှု စသည့် အီရတ်အရေးကိစ္စတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ဖြင့်သာ အတည်ဖြစ်စေရန် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်ဘာနီယာက တနင်္ဂနွေနေ့၌ ခိုင်ခိုင်မာမာ ပြောကြားလိုက်သည်။

နိုင်ငံရေးအင်အားစုများ အားလုံးကို ကိုယ်စားပြုပြီး ၎င်းတို့၏လေးစားမှုကို ရရှိသော အစိုးရအဖွဲ့တစ်ဖွဲ့ အီရတ်၌ ရှိသင့်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ပြင်သစ်ရေဒီယို ဥရောပသို့ ပြောကြားသည်။

ထောက်ခံ

၂၀၀၅ ခုနှစ် ဇန်နဝါရီလ၌ ကျင်းပရန် အစီအစဉ်ရှိသော ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုအဆင့် တောင့်တင်း ခိုင်မာစေရန် အဖွဲ့အစည်းများအားလုံးပါဝင် လျက်အီရတ်နိုင်ငံတွင် နိုင်ငံလုံးဆိုင်ရာ ညီလာခံတစ်ရပ် ကျင်းပသွားရန် အီရတ်ဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် လက်ဒ်ခါဘရာဟီမီ၏ အဆိုပြုချက်အား မိမိထောက်ခံကြောင်း ၎င်းက ပြောကြားသည်။

ဆွေးနွေးနေ

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုအရှိန် ရပ်သွားစေရန် ကုလသမဂ္ဂ၏ စောင့်ကြပ်မှုဖြင့် နိုင်ငံရေးစေ့စပ်ဆွေးနွေးပွဲ ဖြစ်သင့်ကြောင်း၊ မိမိတို့၏ အခိုင်အမာယုံကြည်ချက်သည် ကုလသမဂ္ဂ၏ စီမံခန့်ခွဲမှုအပေါ် အခြေပြုကြောင်း ၎င်းက ပြောကြားသည်။ အုပ်ချုပ်ရေးလွှဲပြောင်းမည့် ဇွန် ၃၀ရက်အတွက် ပြင်ဆင်မှုရှိရမည် ဖြစ်ကြောင်းနှင့် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ဆွေးနွေးနေကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံတကာ သတင်းများ

စပိန်တပ်ဖွဲ့ဝင်များ အီရတ်မှ စတင်ရုပ်သိမ်းပြီ

မက်ဒရစ် ဧပြီ ၂၀

စပိန်နိုင်ငံသည်အီရတ်မှနေ၍ ယင်း၏တပ်ဖွဲ့ဝင်များကို တနင်္လာနေ့၌ စတင်ရုပ်သိမ်းခဲ့ပြီး ကာကွယ်ရေးဝန်ကြီး ဂျို့စ်ဘိုနိုက တပ်ဖွဲ့ဝင်များအားလုံး ရုပ်သိမ်းပြီးရန် ခြောက်ပတ်ထက်ကျော်မည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။

စပိန်တပ်ဖွဲ့ဝင်များ လုံခြုံဘေးကင်းစွာ ပြန်လာကြတော့မည်ဖြစ်ကြောင်း သတင်းစာရှင်းပွဲပြုလုပ်ရာတွင် စပိန်ကာကွယ်ရေးဝန်ကြီး ဘိုနိုက ပြောကြားသည်။

ဆုံးဖြတ်ခဲ့

အီရတ်နိုင်ငံအား ထိန်းချုပ်မှုကို ဇွန် ၃၀ရက်၌ ကုလသမဂ္ဂက တာဝန်ယူခြင်းမရှိလျှင် စပိန်တပ်များ ရုပ်သိမ်းရန် မိမိ မဲဆွယ်စည်းရုံးစဉ်၌ပေးခဲ့သော ကတိကို မိမိဖြည့်ဆည်းမည်ဖြစ်ကြောင်း အသစ်ရွေးချယ်ခြင်းခံရသော ဝန်ကြီးချုပ် ဂျို့စ်လူဝစ်ရိုဒရီရုဇ်ဇာပါတီရိုက ကြေညာခဲ့ပြီး နောက်တစ်နေ့၌ ကာကွယ်ရေးဝန်ကြီး ဘိုနိုက စပိန်တပ်များ ရုပ်သိမ်းရေးအချိန်ကာလနှင့်ပတ်သက်၍ ပြောကြားခဲ့ခြင်းဖြစ်သည်။ စပိန်တပ်ဖွဲ့ဝင်များ၏ တာဝန်သက်တမ်းကုန်ဆုံးသည့်အခါ အဆိုပါ ဇွန် ၃၀ နောက်ဆုံးရက်တွင်လည်း အခြေအနေသည် ပြီးဆုံးမည်မဟုတ်ဟု မိမိဆုံးဖြတ်ခဲ့ကြောင်း ဇာပါတီရိုက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်စစ်ပွဲစချိန်မှ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၇၀၆ ဦးရှိပြီ

ဝါရှင်တန် ဧပြီ ၂၀

အီရတ်နိုင်ငံတွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက ၂၀၀၃ခုနှစ် မတ်လ၂၀ရက်၌ ကျူးကျော်စစ်ပွဲ စတင်ဆင်နွှဲခဲ့သည်မှ ၂၀၀၄ခုနှစ် ဧပြီ၁၉ရက် တနင်္လာနေ့ရောက်ရှိချိန်တွင် အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၇၀၆ဦးရှိသွားပြီဖြစ်သည်ဟု ကာကွယ်ရေးဌာနက ကြေညာသည်။

ယင်းအနက် ၅၀၉ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၁၉၇ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။

မေ ၁ ရက်၌ တိုက်ပွဲပြီးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် ၅၆၆ဦးသေဆုံးခဲ့ရာ ယင်းအနက် ၃၉၈ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၆၈ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးသည်ဟုဆိုသည်။

ထို့ပြင် အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၅၈ဦး၊ အီတလီ ၁၇ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယားငါးဦး၊ ယူကရိန်းလေးဦး၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒိုး၊အက်စ်တိုးနီးယားနှင့် ပိုလန်တို့ တစ်ဦးစီသေဆုံးကြောင်း သိရသည်။ (အင်တာနက်)

ရိုက်ချိုးဖျက်ဆီး

ဧပြီ ၁၉ ရက်က ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အမွှေစီးနင်းရှာဖွေမှု ပြုလုပ်လျက်ရှိရာ အိမ်တစ်အိမ်အတွင်း ဝင်ရောက်ရန် တံခါးကို ရိုက်ချိုးဖျက်ဆီးနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁၉ ရက်က နာဂျက်ဖ်မြို့ကိုဝိုင်းထားသော အမေရိကန်တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရန် အမိန့်ရပြီးနောက် ဆုတ်ခွာနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြန်လည်တည်ဆောက်ရေး အရေးကြီးသောကဏ္ဍမှ ကုလပါဝင်ရန် အီးယူထောက်ခံ

ရောမ ဧပြီ ၁၉

အီရတ်နိုင်ငံ၏ စစ်ပြီးကာလ ပြန်လည်တည်ဆောက်ရေးတွင် ဆောင်ရွက်ရန် ကုလသမဂ္ဂအတွက် ပိုမိုအရေးပါသော အခန်းကဏ္ဍကို ဥရောပသမဂ္ဂ (အီးယူ)က ထောက်ခံကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ ရိုမာနိုပရော့ဒ်ဒီက တနင်္ဂနွေနေ့၌ ပြောကြားသည်။

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ ပိုမိုအရေးပါရေးကို ဥရောပကော်မရှင်က ထောက်ခံကြောင်း ပရော့ဒ်ဒီက အီရတ်ဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် လက်ခ်ဒါဘရာဟီမီနှင့် ဆွေးနွေးအပြီး၌ ပြောကြားလိုက်ခြင်းဖြစ်သည်။

အီရတ်နိုင်ငံတွင် မကြာသေးမီက ပေါ်ပေါက်လာသော တိုက်ခိုက်မှုသည် ကုလသမဂ္ဂအနေဖြင့် အီရတ်နိုင်ငံ၌ ပိုမိုတိကျသော အခန်းကဏ္ဍမှ ဆောင်ရွက်ရန်လိုကြောင်းကို ပြသကြောင်း ပရော့ဒ်ဒီက ပြောကြားသည်။

ဘရာဟီမီသည် အီရတ်၌လုပ်ငန်းများ ပိုမိုဆောင်ရွက်ရာ၌ ကုလသမဂ္ဂ ကြုံရသော အခက်အခဲများကို ပရော့ဒ်ဒီနှင့် ဆွေးနွေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဂြိုဟ်တုနှစ်လုံးလွှတ်တင်ရေး တရုတ်အဆင်သင့်ရှိ

ပေကျင်း ဧပြီ ၁၉

တရုတ်နိုင်ငံသည် သိပ္ပံဆိုင်ရာရည်ရွယ်ချက်အတွက် ဧပြီ၁၈နှင့် ၂၀ရက်တွင် ဂြိုဟ်တုနှစ်လုံးကို လွှတ်တင်ရန် အဆင်သင့်ရှိနေပြီဖြစ်သည်။

အဆိုပါဂြိုဟ်တုများကို သုတေသန(၁)နှင့် နာဆင်(၁)ဟု မှည့်ခေါ်ထားပြီး ၎င်းတို့အား ဆီချမ်အာကာသလွှတ်တင်ရေးစခန်းမှ လွန်းမတ်ချ်(၂)စင်း သယ်ဆောင်ရေးဒုံးပျံဖြင့် အာကာသအတွင်းသို့ သယ်ဆောင်မည်ဖြစ်ကြောင်း ဟာဘင်စက်မှုတက္ကသိုလ်နှင့် တီဆင်ဟွာတက္ကသိုလ်တို့မှ ကျွမ်းကျင်သူများက ပြောသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဖမ်းဆီး

မေ ၁၇ ရက်က နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက သံသယရှိသော အီရတ်တို့ကို ဖမ်းဆီးထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မှ ရုရှားလူမျိုး ၁၁၇ဦး မော်စကိုသို့ပြောင်းရွှေ့ပြီးစီး

အခြေအနေပိုဆိုးလာလျှင် လေယာဉ်များ ထပ်မံစေလွှတ်ပေးမည်

မော်စကို မေ ၁၉

ဘဂ္ဂဒက်တွင် မကြာသေးမီက ရုရှားလူမျိုးများ ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံခဲ့ရပြီးနောက် ရုရှားနိုင်ငံက အီရတ်ရှိ ရုရှားလူမျိုးများကို နှစ်ရက်ကြာမျှ မော်စကိုသို့ ပြန်လည်ရွှေ့ပြောင်းပေးခဲ့ရာ သောကြာနေ့ညနေပိုင်း၌ ရွှေ့ပြောင်းရေးလုပ်ငန်း ပြီးဆုံးသွားခဲ့ပြီး အီရတ်ရှိ ကုမ္ပဏီများ၌ အလုပ်လုပ်ကိုင်နေကြသော အလုပ်သမား ၁၁၇ဦးကို မော်စကိုသို့ သယ်ဆောင်ပေးခဲ့သည်။

ရုရှား အရေးပေါ်အခြေအနေဝန်ကြီးဌာနပိုင် လေယာဉ်ဖြင့် ယူကရိန်း ၁၇ ဦးနှင့် ရုရှား ၁၀၀ ကို မော်စကိုသို့ ပြန်သယ်ဆောင်ခဲ့ရာတွင် ကြာသပတေးနေ့၌ အီရတ်တွင် ဒဏ်ရာရသူတစ်ဦးနှင့် ဆေးကုသရန်လိုသော အခြားနှစ်ဦးလည်း ပါဝင်ခဲ့သည်။

ပြောကြား

အီရတ်နိုင်ငံမှနေ၍ ရွှေ့ပြောင်းလိုသူများအားလုံးကို အရေးပေါ်အခြေအနေဝန်ကြီးဌာနပိုင် လေယာဉ်များဖြင့် ဘဂ္ဂဒက်မှ ရွှေ့ပြောင်းပေးခဲ့ကြောင်း ဒုတိယဝန်ကြီး ယူရီဘရာ့ဇ်နီကော့ဗ်က ပြောကြားသည်။

နောက်ထပ် ရွှေ့ပြောင်းသယ်ယူရေးအစီအစဉ် မရှိတော့ကြောင်း ၎င်းကပြောကြားသော်လည်း အကယ်၍ အခြေအနေပိုဆိုးလာလျှင် အီရတ်သို့ နောက်ထပ်လေယာဉ်များ လွှတ်ပေးရန် အသင့်ရှိကြောင်း ပြောဆိုသည်။

ရွှေ့ပြောင်းပေးပြီး

အီရတ်နိုင်ငံ၌ ရုရှားနှင့် အခြားလွတ်လပ်သော ဓနသဟာယဝင်နိုင်ငံဟောင်းများ (စီအိုင်အက်စ်)မှ နိုင်ငံသားများ ၈၀၆ ဦးခန့် အလုပ်လုပ်ကိုင်လျက်ရှိပြီး ယခုထိ ရုရှားနှင့်စီအိုင်အက်ဖ်နိုင်ငံသား ၄၈၃ ဦးတို့ကို အီရတ်မှရွှေ့ပြောင်းပေးခဲ့ပြီး ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

အီရတ်၌ တိုက်ပွဲအရှိန်မြင့်လာလျှင် ပေါ်တူဂီစစ်ရဲများ ရုပ်သိမ်းဖွယ်ရှိ

လစ္စဘွန်း မေ ၁၉

အကယ်၍ အီရတ်နိုင်ငံ၏တိုက်ပွဲအခြေအနေ ပို၍အရှိန်မြင့်မားလာလျှင် အီရတ်၌ ဖြန့်ချထားသော ပေါ်တူဂီစစ်ရဲများကို ရုပ်သိမ်းဖွယ်ရှိကြောင်း ပေါ်တူဂီပြည်ထဲရေးဝန်ကြီး အန်တိုနီယိုဖစ်ဂါရီဒိုလိုပက်စ်က သောကြာနေ့၌ ပြောကြားသည်။

ရုပ်သိမ်း

အီရတ်နိုင်ငံ၏ တိုက်ပွဲဖြစ်ပွားမှုအခြေအနေ အရှိန်မြင့်လာပြီး ပေါ်တူဂီအမျိုးသားအစောင့်တပ်ဖွဲ့ဝင်များက ၎င်း၏လုပ်ငန်းကို အပြည့်အဝဆောင်ရွက်နိုင်သည့်အခြေအနေ မရှိတော့ကြောင်း၊ မိမိတို့စဉ်းစားလျှင် လုပ်နိုင်သည့်တစ်ခုတည်းသောအရာမှာ အီရတ်မှနေ၍ ထိုတပ်ဖွဲ့ကို ရုပ်သိမ်းခြင်းပင်ဖြစ်ကြောင်း လိုပက်စ်က ပြောကြားသည်။

စဉ်းစား

အီရတ်နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများတွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများက အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များကို လက်နက်မျိုးစုံဖြင့် ခုခံတိုက်ခိုက်လျက်ရှိရာ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားလျက်ရှိသည်။ ထို့ကြောင့် အမေရိကန်နှင့်အပေါင်းပါတပ်များ စေလွှတ်ထားသည့်နိုင်ငံများက မိမိတို့၏ တပ်ဖွဲ့ဝင်များကို အီရတ်မှပြန်ရုပ်သိမ်းရန် စဉ်းစားလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်တိုက်ခိုက်ရေးသမားများကို ကန်တို့ထံ လွှဲပေးမည်မဟုတ်

ဆာဒါကိုထောက်ခံကြောင်း အီရတ်လက်နက်ကိုင်များ နာဂျက်ဖ်၌ဆန္ဒပြ

နာဂျက်ဖ် မေ ၁၉

အမေရိကန်တပ်ဖွဲ့များနှင့် ထိပ်တိုက်ရင်ဆိုင်လျက်ရှိသော အီရတ်တိုက်ခိုက်ရေးသမားများသည် အီရတ်ခေါင်းဆောင် အယ်ဆာဒါအား ထောက်ခံကြောင်း နာဂျက်ဖ်မြို့၌ စုဝေးဆန္ဒပြခဲ့ကြသည်။

နာဂျက်ဖ်သည် အီရတ်တို့ အထွတ်အမြတ်ထားသောမြို့များအနက် တစ်မြို့ဖြစ်ပြီး ဆာဒါ၏တပ်ဖွဲ့များက ထိန်းချုပ်ထားသည်။

သည်းခံမည်မဟုတ်

အီရတ်ထိပ်တန်းခေါင်းဆောင်များက နာဂျက်ဖ်နှင့် ကာဘာလာမြို့များကို အမေရိကန်တပ်ဖွဲ့များ ဝင်ရောက်တိုက်ခိုက်ပါက ၎င်းတို့အနေဖြင့် သည်းခံမည်မဟုတ်ကြောင်း ပြောကြားလျက်ရှိသည်။

အမေရိကန်တို့ကို အပြင်းအထန် ဆန့်ကျင်သည့် အီရတ်ခေါင်းဆောင်ဆာဒါအား အမေရိကန်တို့က ဖမ်းဆီးရန် ရည်ရွယ်ချက်ဖြင့် နာဂျက်ဖ်ကိုတိုက်ခိုက်မည်ဆိုလျှင် ၎င်းတို့အဆင်သင့်ဖြစ်ကြောင်း အီရတ်ခုခံတိုက်ခိုက်ရေး လက်နက်ကိုင်များက ပြောကြားသည်။

ဆာဒါနှင့် အမေရိကန်တို့အကြား အီရတ်ထိပ်တန်းခေါင်းဆောင်များ နိုင်ငံရေးသမားများနှင့် အီရတ်ကိုယ်စားလှယ်အဖွဲ့တို့ စေ့စပ်ညှိနှိုင်းသော်လည်း အောင်မြင်မှုမရခဲ့ကြောင်း သိရသည်။

မစည်းရုံးနိုင်

ဘဂ္ဂဒက်အနောက်ဘက်ရှိ လူဦးရေ သုံးသိန်းနေထိုင်သော ဖော်လူဂျာမြို့သည် အမေရိကန်ဆန့်ကျင်မှု အပြင်းထန်ဆုံး မြို့ဖြစ်ကာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိခဲ့သည်မှာ နှစ်ရက်ရှိပြီဖြစ်ပြီး ဆွေးနွေးမှုများလည်းပြုလုပ်လျက်ရှိသည်။ သို့ရာတွင် ဖော်လူဂျာရှိ လက်နက်ကိုင်များ သဘောတူလာအောင် မစည်းရုံးနိုင်သေးဘဲရှိသည်။

အမေရိကန်တို့က အီရတ်တိုက်ခိုက်ရေးသမားများ၊ နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများနှင့် လက်နက်များကို ၎င်းတို့ထံ လွှဲပြောင်းစေလိုပေသည်။ အီရတ်တို့ဘက်က လိုက်လျောမည့် အရိပ်အယောင်မပြကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အီရတ်တို့ကို အုပ်ချုပ်ရေးအမြန်လွှဲရန် ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ပြောကြား

ပါရီ မေ ၁၉

အီရတ်လူမျိုးများသို့ အချုပ်အခြာအာဏာအမြန်ဆုံးလွှဲပြောင်းပေးရန်သည် အရေးကြီးသည်ဟု ပြင်သစ်နိုင်ငံ၌ အလည်ရောက်ရှိနေသော ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ယော့ရှ်ကာဖ်ရှာက ပါရီမြို့၌ တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

လုံခြုံရေးမကင်းမဲ့စေဘဲ သိမ်းပိုက်မှု အမြန် အဆုံးသတ်ရေးသည် အရေးကြီးသည်ဟု အီရတ်ဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် လက်ခ်ဒါဘရာဟီမီနှင့် ဆွေးနွေး အပြီး၌ ပြုလုပ်သော သတင်းစာရှင်းပွဲတွင် ၎င်းက ပြောကြားလိုက်ခြင်း ဖြစ်သည်။

ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့သည် အီရတ်၌ အုပ်ချုပ်ရေး လွှဲပြောင်းမှုတွင် ကုလသမဂ္ဂ၏ ဦးဆောင်ကဏ္ဍကိုအမြဲထောက်ခံခဲ့ပြီး ဘရာဟီမီ၏ အဆိုပြုချက်ကို ထောက်ခံခဲ့ကြောင်း ဖစ်ရှာက ပြောဆိုသည်။

ယင်း အဆိုပြုချက်သည် အီရတ်ဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ နောက်ဆုံးဆုံးဖြတ်ချက်၌ ထည့်သွင်းမည်ဟု မိမိ ယုံကြည်ကြောင်း၊ ဒေသတွင်း၌ တိုက်ခိုက်မှုများကို အမြစ်မတွယ်စေရန် အရာရာကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဖစ်ရှာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မေ ၁၉ ရက်က ကာဇက်စတန်ရှိ အာကာသစခန်းမှ နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ ဆိုယုဇ်ယာဉ်ဖြင့် လွှတ်တင်မည့် ဒတ်ချ် အာကာသယာဉ်မှူး အင်ဒရီကူရီပါခ်နှင့် အမေရိကန် အာကာသယာဉ်မှူး အက်ဝပ်မီရှယ်ဖင်ကီတို့အား တွေ့ရစဉ်။

(ယင်းတို့နှင့်အတူ ရုရှား အာကာသယာဉ်မှူးတစ်ဦးလည်း လိုက်ပါသွားမည် ဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

ကလေးငယ်များ အဝလွန်မှု

ကွန်ပျူတာက အကြံဉာဏ်ပေးမည်

ပါရီ မေ ၂၀

ကလေးငယ်များ အဝလွန်ခြင်းသည် ပြင်သစ်ပြည်သူလူထု၏ အဓိက ကျန်းမာရေးပြဿနာတစ်ရပ်သဖွယ် ဖြစ်လာနေသည်။ အဝလွန်ခြင်း ကျန်းမာရေးပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ကွန်ပျူတာအသုံးပြုပြီး သင့်တော်မည့်အစားအစာ ရွေးချယ်စားသုံးရန် အကြံပေး ဖြေရှင်းလာသည်။ ကွန်ပျူတာရှေ့၌ရပ်ပြီး စားချင်သောအစားအစာကို ရွေးချယ်ပေးလိုက်ယုံဖြင့် စားမည့်အစာသည်ရွေးချယ် သူ၏ခန္ဓာကိုယ်နှင့်ကိုက်မကိုက် အဖြေရှာပေးခြင်း ဖြစ်သည်။

ထို့အပြင် ခန္ဓာကိုယ်အတွက် လိုအပ်မည့်အစားအစာများကိုလည်း ကွန်ပျူတာက အကြံဉာဏ်ပေးသည်။ ကလေးငယ်များသည် ကွန်ပျူတာဖြင့် အကြံပေးမှုစနစ်အသုံးပြုပြီး လျော့နည်းလာသည်ကို တွေ့ရသည်။ သို့ရာတွင် ယခုကဲ့သို့ အကြံပေးခြင်းဖြင့် အဝလွန်ခြင်းရောဂါအမြန်ဆုံး ရပ်တန့်သွားအောင် လုပ်ဆောင်ဖို့ မလုံလောက်ကြောင်းနှင့် ပြင်သစ်ကလေးငယ်အားလုံး၏ ၁၅ ရာခိုင်နှုန်းသည် အဝလွန်လျက်ရှိကြောင်းလည်း သိရသည်။ **(စီအက်ဖ်အိုင်)**

ဧပြီ ၁၉ ရက်က ဖော်လူဂျာမြို့၌ စိန်ပြောင်းကျည်ထိမှန်မှုကြောင့် ပျက်စီးသွားသောနေအိမ်ကို အီရတ်တစ်ဦးက ဝင်ရောက်ကြည့်ရှုစစ်ဆေးနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ရှာဖွေ

ဧပြီ ၇ ရက်က အီရတ်နိုင်ငံ ကွတ်မြို့၌အမေရိကန်နှင့် အပေါင်းပါများက တိုက်ခိုက်ခဲ့သဖြင့် ပျက်စီးသွားသော နေအိမ်ပျက်ကို အီရတ် တစ်ဦးက ရှာဖွေကြည့်ရှုနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း အီရတ်မြင်ကွင်း

ဧပြီ ၆ ရက်က ဘဂ္ဂဒက်မြို့ကို အမေရိကန်ရဟတ်ယာဉ်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးနေသော နေအိမ်များကို အီရတ်ပြည်သူများက ကြည့်ရှုနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဧပြီ ၁၉ ရက်က ဖော်လူဂျာမြို့၌ တိုက်ပွဲဖြစ်ပွားမှုကြောင့် ပျက်စီးနေသော အဆောက်အအုံတစ်ခု အနီးမှ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဖြတ်သန်းသွားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဧပြီ ၆ရက်က ဘဂ္ဂဒက်မြောက်ဘက် ဆာဒါစီးတီးဒေသ၌ ဒုံးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် နေအိမ်များပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဧပြီ ၈ရက်က ဘဂ္ဂဒက်မြို့၌အမေရိကန်နှင့် အပေါင်းပါတို့က ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပျက်စီးနေသော နေအိမ်တွင်အီရတ်အမျိုးသမီး တစ်ဦးက မကျေမနပ်ပြောဆိုနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ပွန်ချောင်းတံတား

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်-နမ့်စန်ရထားလမ်းပေါ်၌ တည်ဆောက်ပြီးစီးသွားသော ပွန်ချောင်းတံတားကို တွေ့ရစဉ်။



ကျိုင်းတောင်း ရေတံခွန်

ရှမ်း ပြည် နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ကျိုင်းတောင်းရှိ နမ့်တိန်ချောင်းမှပေါ်ထွက်လာသည့် ကျိုင်းတောင်းရေတံခွန်မှ နှစ်စဉ်ပျမ်းမျှ ဓာတ်အားကီလိုဝပ်နာရီ သန်းပေါင်း ၄၇၂ ထုတ်လုပ် ရရှိမည်ဖြစ်သည်။

ရွှေလီရေအားလျှပ်စစ်စီမံကိန်း

ရွှေလီရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ အနောက်တောင်ဘက် ၁၇မိုင်ခန့်အကွာ မန်တက်ကျေးရွာအနီး ရွှေလီမြစ်တွင် အကောင်အထည်ဖော်နေသောစီမံကိန်းဖြစ်သည်။ စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အားတစ်နှစ်ကီလိုဝပ်နာရီသန်းပေါင်း ၃၀၂၂ ထုတ်လုပ်နိုင်မည်ဖြစ်သည်။



မုန်းချောင်း ရေလှောင်တမံ

မကွေးတိုင်း စေတုတ္တရာမြို့မြောက်ဘက် နှစ်မိုင်ခန့်အကွာ မုန်းချောင်းပေါ်တွင် တည်ဆောက်နေသည့် မုန်းချောင်းဘက်စုံရေလှောင်တမံစီမံကိန်းသည် လယ်မြေဧက ၁၀၈၀၀၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီ သန်းပေါင်း ၃၃၀ ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်သည်။

နာရီကန်တံတား

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရန်ကုန်-စစ်တွေကားလမ်းမကြီးတွင် တည်ရှိသည့် အရှည်ပေ ၃၀၀ ရှိသော သံကူကွန်ကရစ်အမျိုးအစား နာရီကန်တံတားကို ပြီး ၁၇ ရက်က ဖွင့်လှစ်နိုင်ခဲ့သည်။



ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

စာမျက်နှာ ၃ မှ

လုပ်ငန်း၊ စက်မှုသုံးစက်ကိရိယာထုတ်လုပ်ရေးလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေး ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းတို့မှာ အားနည်းနေဆဲဖြစ်ကြောင်းအရေးအတွက်အရပေါ်လွင်ထင်ရှားလျက်ရှိကြောင်း။

အားပေးပျိုးထောင်

စက်မှုလက်မှုကဏ္ဍသည် တိုင်းပြည်၏ စီးပွားရေးဘဝ ဖွံ့စည်းဖြစ်ပေါ်မှုကို ခေတ်မီအောင်၊ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်အောင် စွမ်းဆောင်ပေးရမည့် အဓိက မောင်းနှင်အားရှိသည့် စီးပွားရေးကဏ္ဍကြီးအဖြစ် ခံယူနိုင်ကြရမှာဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန် အားယူနေသော စက်မှုလုပ်ငန်းအစုအဖွဲ့များကို အမြန်ဆုံးအားပေးပျိုးထောင်ရမှာ ဖြစ်ကြောင်း။

ယနေ့ကမ္ဘာတွင် အတတ်ပညာမြင့်မားသည့်၊ နည်းပညာမြင့်မားသည့်၊ အရည်အသွေးကောင်းသည့် ပစ္စည်းများကို ယှဉ်ပြိုင်ထုတ်လုပ်နေချိန်တွင် မိမိတို့၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်နှင့်ယှဉ်ပြီး ထက်မြက်သည့် တွေးခေါ်မှုများဖြင့် စက်မှုကဏ္ဍ၏ဖွံ့စည်းမှုလမ်းကြောင်းကို ပုံဖော်သွားရမှာဖြစ်သည်ဟု ခံယူမိကြောင်း၊ စက်မှုကဏ္ဍကို အကြီးမားဆုံးနှုန်းနှင့် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှသာ နိုင်ငံတော်၏ အနာဂတ်ခေတ်မီရှင်သန်မှာ ဖြစ်ကြောင်း။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်မည်ဆိုသည့် အချက်နှင့်ဆက်နွှယ်ပြီး နိုင်ငံတော်၏ အနာဂတ်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၏ ကြီးမားလှသည့်အခန်းကဏ္ဍကို အမှန်တကယ် ဆက်စပ်ခံယူနိုင်ရန် လိုလာပြီဖြစ်ကြောင်း၊ ပုဂ္ဂလိကတစ်ဦးချင်းအရရော၊ အဖွဲ့အစည်းအရရော၊ ထို့အပြင် ပုဂ္ဂလိကကဏ္ဍအပိုင်းကရော၊ နိုင်ငံတော်အပိုင်းကပါ မြန်မာ့စက်မှုလက်မှုကဏ္ဍကို အရှိန်အဟုန်ဖြင့် အဆင့်မြှင့်တင်နိုင်အောင် အတတ်ပညာအား၊ တီထွင်ကြံဆမှုအား၊ ဇွဲလုံ့လ၊ ဝီရိယအား၊ ပူးပေါင်းဆောင်ရွက်မှုအားတို့ဖြင့် ဖိဖိစီးစီး အလေးထားလုပ်ကိုင်ရန်အချိန်ရောက်နေပြီဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ကို စက်မှုကဏ္ဍဖြင့် တည်ဆောက်သွားရမှာဖြစ်၍ အင်မတန်ကြီးလေးသောတာဝန်ဖြစ်သည်ဟု ခံယူရမှာဖြစ်ကြောင်း။

ဤသည်မှာ အခြေခံကျသည့် ခံယူချက်အပိုင်းဖြစ်ကြောင်း၊ လုပ်ငန်းအပိုင်းကို ဆက်ပြီးတင်ပြသွားမှာ ဖြစ်ကြောင်း။

ကြီးမားသည့်အလှည့်အပြောင်း

စက်မှုကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် စက်မှုဇုန်များအနက် မန္တလေး၊ မုံရွာနှင့် အေးသာယာစက်မှုဇုန်များ၌ ရှေးဦးစွာ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးအထောက်အကူပြုမှုဖြင့် Foundry Plant, Press Shop, Forging Shop, Heat Treatment Shop နှင့် Machine Shop များ ထူထောင်သွားရန် အားလုံးစီမံပြီး ဖြစ်ကြောင်း၊ ဤအချက်မှာ စက်မှုဇုန်များအတွက် ကြီးမားသည့် တိုးတက်မှုအလှည့်အပြောင်းဖြစ်ကြောင်း။

ယင်းအလုပ်ရုံများကို အခြေခံပြီး မည်သည့်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ကို လက်တွေ့ကျကျ စဉ်းစားအဖြေရှာရမှာဖြစ်ကြောင်း။ လာအပ်သော အပ်ထည်လောက်ဖြင့်ပင် ခေတ်မီအလုပ်ရုံများကို အသုံးချသွားမည်ဆိုပါက ရေရှည်မျှော်မှန်းချက်မဟုတ်ဘဲ ရေတိုင်းပွက်ရာ ငါးစာချသည့် လုပ်နည်းကိုင်နည်းပင်ဖြစ်ကြောင်း။

စက်ကိရိယာထုတ်လုပ်

စက်မှုကဏ္ဍ၌ ပုဂ္ဂလိကအပိုင်းက အတတ်ပညာအရရော၊ အရင်းအနှီးပါ မတတ်နိုင်သေးသည့် အကြီးစားစက်ရုံ၊ အလုပ်ရုံများကိုမူ နိုင်ငံတော်အပိုင်းက ထူထောင်ပေးနေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်း၏ နည်းပညာအတွေ့အကြုံများ၊ ကုန်ထုတ်လုပ်မှုနည်းစဉ်များကို အခြေခံပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းပိုင်းကို တိုးတက်အောင် ကြိုးစားသွားရမှာဖြစ်သကဲ့သို့ပြည်တွင်းဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရှိပြီး တိုင်းပြည်က အမှန်လိုအပ်နေသော စက်ကိရိယာ ပစ္စည်းများကို ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း။

ပုဂ္ဂလိကစက်မှုလုပ်ငန်းအပိုင်း၌ လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ စက်မှုသုံးစက်ကိရိယာထုတ်လုပ်ရေးလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများမှာ အားနည်းနေဆဲဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲကိုယ်တိုင် စဉ်ဆက်မပြတ်အားပေးမှု၊ လမ်းညွှန်ပေးမှုနှင့်အတူ စက်မှုဖွံ့ဖြိုးရေးကော်မတီအဆင့်ဆင့်နှင့် စက်မှုဇုန်တာဝန်ခံများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ အနီးကပ်ကွပ်ကဲပံ့ပိုးမှုများကြောင့် စက်မှုဇုန်များမှာ တိုတောင်းသော ရှစ်နှစ်ကျော်၊ ကိုးနှစ်ကျော်ကာလအတွင်း၌ သိသိသာသာ တိုးတက်လာသည်မှာ မှန်သော်လည်း စက်မှုဇုန်များ၏ အနာဂတ်ကို ယခုထက် ခိုင်မာအောင် ကြိုးပမ်းရမှာဖြစ်ကြောင်း။

ယင်းသို့ကြိုးပမ်းရာတွင် စက်မှုကဏ္ဍ၏ ကုန်ထုတ်လုပ်မှုလမ်းကြောင်း မှန်ရန်အတွက် ဦးစားပေးအဆင့်အနေဖြင့်–

(က) လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊

(ခ) စက်မှုလုပ်ငန်းသုံး စက်ကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊

(ဂ) သယ်ယူပို့ဆောင်ရေးယာဉ်ထုတ်လုပ်ရေးလုပ်ငန်း၊

(ဃ) သွင်းကုန်အစားထိုး စက်မှုလုပ်ငန်း၊

တို့ကို အလေးထားပြီး ဖွံ့ဖြိုးတိုးတက်လာအောင် အာရုံစိုက်ကြရမှာဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများတွင် အဆင့်မြင့်စက်ကိရိယာများ အသုံးပြုပြီး အရည်အသွေးမြင့်မားသည့် ပစ္စည်းများထုတ်လုပ်နိုင်အောင် ကြိုးစားရမှာဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်အကြီးအကဲ၏ စက်မှုဆိုင်ရာလမ်းညွှန်မှုများနှင့်အညီ စက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း။

အခြေခိုင်မာ

အထူးသဖြင့် **လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် လက်တွန်းလယ်ထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ အခြောက်ခံစက်၊မျိုးစေ့ချကိရိယာ၊ ရေစုပ်စက်၊ ရေတင်စက်၊ ထွန်သွား၊ ထယ်သွား၊ ရေအားလျှပ်စစ် တာဘိုင်စက်ငယ်များကို များများစားစား မြန်မြန်ဆန်ဆန် အရည်အသွေးရှိရှိ ထုတ်လုပ်သွားမည်ဆိုလျှင် ကျယ်ပြန့်သည့် လယ်ယာကဏ္ဍ၏ ဈေးကွက်ထဲသို့ လယ်ယာသုံးစက်ကိရိယာများ လုံလောက်စွာရောက်ရှိပြီး စက်မှုလယ်ယာစနစ်မှာ အခြေခိုင်မာစွာ ဖြစ်ပေါ်လာမှာဖြစ်ကြောင်း။**

ဈေးကွက်၏တောင်းဆိုမှုကို ကျယ်ကျယ်ပြန့်ပြန့် လှေ့လာပြီး လိုအပ်သော လယ်ယာသုံးစက်ကိရိယာပစ္စည်းမျိုးစုံကို အရည်အသွေးရှိရှိ၊ အရေအတွက်များများ ထုတ်လုပ်သွားနိုင်သည့် လမ်းကြောင်းကို စက်မှုဇုန်များက လိုက်ကြရမှာဖြစ်ကြောင်း။

ထို့အတူ သယ်ယူပို့ဆောင်ရေးယာဉ် ထုတ်လုပ်ရေးလုပ်ငန်းအပိုင်း၌ ယနေ့နိုင်ငံတော်က မော်တော်ယာဉ်ထုတ်လုပ်မှု နည်းပညာပြန့်ပွားရေး၊ အလုပ်အကိုင်ရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက်ရည်ရွယ်ပြီး မော်တော်ကားထုတ်လုပ်ရေးကို အားပေးလျက်ရှိကြောင်း၊ တစ်ဖက်မှလည်း မော်တော်ယာဉ်ငယ်၊ ဘတ်စ်ကားနှင့် ကုန်တင်ကားများသည် နိုင်ငံတော်၌ များစွာလိုအပ်နေခြင်းဖြစ်သည့်အတွက် ခိုင်မာသော ဈေးကွက်ရှိပြီး ဖြစ်ကြောင်း၊ ဤကဲ့သို့အားပေးနေမှုကို ဖြတ်လမ်းနည်းသုံးပြီးဆူလွယ်နပ်လွယ် လုပ်ကြမည်ဆိုပါကမိမိတို့စက်မှုဇုန်၏ သိက္ခာ ကျဆင်းရုံသာမက မိမိတို့စက်မှုလုပ်ငန်းရှင်များ ထမ်းဆောင်ရမည့် မွန်မြတ်ကြီးလေးသည့်တာဝန်ကို ပစ်ပယ်ရာလည်း ရောက်သွားမှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်သော စက်မှုလုပ်ငန်းများကို ထိထိရောက်ရောက်ထူထောင်ပြီး အရည်အသွေးကောင်းသည့် စက်ပစ္စည်းများကို ထုတ်လုပ်သွားနိုင်အောင် တင်ပြဆွေးနွေးသွားရန်လိုမည်ဖြစ်ကြောင်း။

သို့မှလည်း **"စက်မှုနိုင်ငံထူထောင်ရေးအတွက် ပထမအဆင့်အနေဖြင့် လယ်ယာအခြေခံစက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ရေးနှင့် လိုအပ်မည့် အခြားစက်မှုလုပ်ငန်းများပါ တစ်ပါတည်းထူထောင်ရေး" ဆိုသည့် ရည်မှန်းချက်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း။**

မိမိ၏တင်ပြချက်များကိုပြန်လည်ခြုံငုံလိုက်ပါက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ခံယူချက်အပိုင်းနှင့် လုပ်ငန်းအပိုင်းဆိုပြီး နှစ်ပိုင်းပါရှိကြောင်း၊သဘောထားခံယူချက်မှန်ကန်ညီညွတ်မှလည်းလုပ်ငန်းတိုးတက်မှာ ဖြစ်သကဲ့သို့ လုပ်ငန်းအပိုင်းတွင်လည်း တိုင်းပြည်၌ အမှန်လိုအပ်သည့် စက်မှုလုပ်ငန်းများ ထိထိမိမိ တိုးချဲ့ထူထောင်နိုင်ရန်၊ လမ်းကြောင်းမှန်ရန် လိုအပ်ကြောင်း၊ တိုင်းပြည်အတွက်မရှိမဖြစ်သည့် စက်မှုလုပ်ငန်းများကို ထူထောင်ရာတွင် ပုဂ္ဂလိကအသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များ၏ ပူးပေါင်းမှုအားကို ရယူရန်လိုမှာ ဖြစ်သကဲ့သို့ ပုဂ္ဂလိကအပိုင်းနှင့် နိုင်ငံတော်အပိုင်းအကြားအချိတ်အဆက်မိရန်လည်းလိုကြောင်း၊ သို့မှလည်း နည်းပညာလွှဲပြောင်းရယူရေး၊ Highly Skilled Labour နှင့် Semi Skilled Labour မွေးထုတ်ရေး၊ ဈေးကွက်ကျယ်ပြန့်စွာရရှိရေး၊ ကုန်ထုတ်လုပ်မှုစနစ်(Mode of Production)ခေတ်မီရေး စသည့် လိုအပ်ချက်များမှာလည်း ပြေလည်သွားနိုင်မှာဖြစ်ကြောင်း။

ပီပီပြင်ပြင်ချမှတ်

ထို့ကြောင့် ယခုရှင်းလင်းတင်ပြချက်များအပေါ်တွင် အခြေခံပြီး စက်မှုကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှု အလှည့်အပြောင်းကို လက်တွေ့ကျကျ မည်သို့မည်ပုံ ပူးပေါင်းဖော်ဆောင်သွားကြမည်ဆိုသည့်အချက်ကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးစေလိုကြောင်း၊ သို့မှလည်း ရှေ့ဆက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းအစီအစဉ်များကို ပီပီပြင်ပြင်ချမှတ်နိုင်မှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက ရှင်းလင်း တင်ပြရာ၌ ခေတ်မီ နိုင်ငံတော်ဖြစ်ရေးအတွက် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ၂၀၀၄–၂၀၀၅ ခုနှစ်ကို စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးနှစ် အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ကြောင်း။

ကျရာတာဝန်ကျေပွန်

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် အားကြိုးမာန်တက်ဆောင်ရွက်ရမည့်တာဝန်ကို စက်မှုကဏ္ဍနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ စက်မှုကုန်ထုတ်သမဝါယမအသင်းများ၊ စက်မှုဇုန်များနှင့် စက်မှုလုပ်ငန်းရှင်များအပေါ်ကျရောက်လာပြီဖြစ်ရာ ကျရာတာဝန်ကိုကျေပွန်အောင် ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် နိုင်ငံတော်အဆင့်မှတာဝန်ရှိသူများသည် စက်မှုဇုန်များသို့ အခါမလပ်သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်အားပေးမှုများ၊ ဖြည့်ဆည်းမှာကြားမှုများကို ပြုလုပ်လျက်လည်းရှိကြကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်သည့် လုပ်ငန်းများကို ထူထောင်၍ လိုအပ်သောပစ္စည်းများကို အရည်အသွေးရှိရှိ တိုးချဲ့ထုတ်လုပ်သွားရေး၊ စက်မှုထုတ်လုပ်မှုများ၏ အရေအတွက်နှင့် အရည်အသွေး တိုးတက်မြင့်မားရေးနှင့် စက်ပစ္စည်းကိရိယာ အမယ်သစ်(အမည်သစ်)များ တိုးတက် ထုတ်လုပ်ရေး၊ ပြည်ပသွင်းကုန်ပစ္စည်းအပေါ် မှီခိုအားထားနေမှုကို တစ်ဆင့်ပြီး တစ်ဆင့် လျှော့ချသွားရေးတို့ကို ဆက်စပ် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်စောလွင်က စက်မှုဇုန်များ၏ မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် ဝန်ကြီးဌာနအပိုင်းက ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုများ၊ စက်မှုဇုန်တို့၌ Foundry Plant၊ Press Shop၊ Forging Shop၊ Heat Treatment Shop တို့တည်ဆောက်နိုင်ရေးအတွက်ညှိနှိုင်းစီစဉ် ဆောင်ရွက်နေမှုများ၊ အဆိုပါအလုပ်ရုံများအတွက် ကျွမ်းကျင်သည့် လုပ်သားများရရှိရန်၊ ကျွမ်းကျင်လုပ်သားများအတွက် နည်းပညာပိုင်းဆိုင်ရာကြိုတင်လေ့ကျင့်သင်ကြားပေးနေမှုများ၊ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းက ဘတ်စ်ကားနှင့် ကုန်တင်ယာဉ်များ ထုတ်လုပ်သွားနိုင်ရေးအတွက် အင်ဂျင်နှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ဝယ်ယူတင်သွင်းရန် ဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာသုံးစက်ပစ္စည်း ကိရိယာထုတ်လုပ်မှု ဆပ်ကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့လယ်ယာသုံးစက်ပစ္စည်းကိရိယာ ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမျိုးတင့်၊ နည်းပညာလွှဲပြောင်းပေးရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အသိပညာပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ စံချိန်စံညွှန်းသတ်မှတ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်၊ ဒေသဆိုင်ရာနည်းပညာပူးပေါင်းဆောင်ရွက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်၊ စက်မှုဥပဒေဆိုင်ရာ ရေးဆွဲရေးဆပ်ကော်မတီဥက္ကဋ္ဌ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးမြညိမ်းနှင့် ပုဂ္ဂလိကလုပ်ငန်းများ၏ စက်မှုလုပ်ငန်းတိုးမြှင့်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ အိမ်တွင်းစက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းတို့က စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆပ်ကော်မတီအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ စက်မှုလုပ်ငန်းရှင်များ၏ လိုအပ်ချက်များတွင် ညှိနှိုင်းပေါင်းစပ်ဆောင် ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်သာကေတနှင့် တောင်ဥက္ကလာပ စက်မှုဇုန်တာဝန်ခံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံ၊ ရန်ကုန်အနောက်ပိုင်းခရိုင် စက်မှုဇုန်နှင့် မင်္ဂလာဒုံစက်မှုဇုန် တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ မုံရွာစက်မှုဇုန်တာဝန်ခံ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ တောင်ကြီး/အေးသာယာစက်မှုဇုန် တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ မြိတ်စက်မှုဇုန်တာဝန်ခံ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် ပခုက္ကူ စက်မှုဇုန်တာဝန်ခံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်တို့က စက်မှုဇုန်အလိုက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လျှပ်စစ်ဓာတ်အားဆိုင်ရာကိစ္စရပ်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးစက်မှုဇုန်၊ မိတ္ထီလာစက်မှုဇုန်၊ တောင်ကြီး/အေးသာယာစက်မှုဇုန်၊ မုံရွာစက်မှုဇုန်၊ တောင်ဒဂုံစက်မှုဇုန်နှင့် ရွှေပြည်သာစက်မှုဇုန်တို့မှ စက်မှုဇုန်ကြီးကြပ်ရေးတာဝန်ခံများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များက စက်မှုဇုန်အလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးမှာကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နည်းပညာပူးပေါင်းဆောင်ရွက်ရေး ထိုင်းကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

ရန်ကုန် ဧပြီ ၂၀

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နည်းပညာပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Piamsak Milintachinda ဦးဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းအပြည်ပြည်ဆိုင်ရာလေကြောင်းဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ထိုင်းကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသံရုံးမှ သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုင်းကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့တွင် ရောက်ရှိနေစဉ်အတွင်း နှစ်နိုင်ငံ ကျွမ်းကျင်မှုပူးပေါင်း ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး ဆိုဗီယက် ရုရှားပြန် ဦးမောင်မောင် ဆပ်ကပ်ဖျော်ဖြေတင်ဆက်ပွဲ ကြည့်ရှုအားပေး

ရန်ကုန် ဧပြီ ၂၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် ယနေ့ည ၇ နာရီတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာဇာတ်ရုံ၌ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆိုဗီယက်ရုရှားပြန် ဦးမောင်မောင်၏ ဆိုဗီယက်ရုရှားပြန်ဆပ်ကပ်ပညာ ဒီပလိုမာ အာဇာနည်စန်းစန်းဆပ်ကပ်အဖွဲ့ကြီး၏ ဖျော်ဖြေတင်ဆက်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကြသည်

အဆိုပါ ဆပ်ကပ်အဖွဲ့ကြီး၏ ဖျော်ဖြေတင်ဆက်ပွဲသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့တော်ဝန်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌနှင့်လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာဆပ်ကပ်အဖွဲ့ဝင်မောင်မယ်များက အဖွဲ့ခေါင်းဆောင် ဆိုဗီယက်ရုရှားပြန်ဦးမောင်မောင်အား ဂါရဝပြုသည့် "ဆရာသခင်ကန်တော့ပန်းဆင်" အစီအစဉ်ဖြင့် ဆပ်ကပ်ဖျော်ဖြေတင်ဆက်ပွဲကို စတင်ဖွင့်လှစ်လိုက်ကြသည်။

အစွမ်းပြဖျော်ဖြေ

ဆက်လက်၍ ဆပ်ကပ်မောင်မယ်များက တစ်ဦးချင်းနှင့်အဖွဲ့လိုက် ဆပ်ကပ်ပညာ ဖျော်ဖြေတင်ဆက်မှုများအဖြစ် ဆပ်ကပ်ပဒေသာ ပြကွက်၊ ကွက်ဆန်းပဒေသာပြကွက်၊ ကြိုးတန်းကြိုးပမ်းစွန့်စားခန်းပြကွက်၊ ကျွမ်းပဒေသာပြကွက်၊ ကောင်းကင် ပန်းဝိုင်းပြကွက်၊ ပန်းကန်ပြားပဒေသာပြကွက်၊ ဝါးလုံးချိန်ဆခက်ခဲစွပြကွက်၊လှေကားချိန်ဆခက်ခဲလှ ပြကွက်၊ နှစ်ဘီးစက်ဘီးအလှစီးပြကွက်၊ တစ်ဘီးစက်ဘီးယိမ်း အသွင်စီးပြကွက်၊ ကောင်းကင်ဘားတန်းအံ့မခန်းပြကွက်၊ ဓားပေါက်ဝိဇ္ဇာကြောက်စရာပြကွက်၊ မော်တော်ဆိုင်ကယ်သုံးစီးနှင့် သံကမ္ဘာလုံးပြကွက်၊ ခွေးလိမ္မာ၊ ဝက်ဝံလိမ္မာ၊ မျောက်လိမ္မာ၊ ဆင်လိမ္မာနှင့် ဆိတ်လိမ္မာတို့၏ လိမ္မာယဉ်ကျေးမှုဆပ်ကပ်ပြကွက်များ၊ အားအင်မသေးသံချောင်းကွေးပြကွက်၊ လူသားအမြောက်ဆန်ပြကွက်၊လေ့ကျင့်သဏ္ဍာန်ဘဲလေးမာန်ပြကွက်၊ တစ်စီးစက်ဘီး အမြင့်စီးပြကွက်နှင့် မောင်းနှင်းကျွမ်းသမားစွမ်းပကားပြကွက်များကို အစွမ်းပြဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

ရွှေဆံတော်စေတီတော် ညောင်ရေသွန်းပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်တိုင်း တွံတေးမြို့ရှိ သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ မဟာဗောဓိညောင်ပင်အား နှစ်စဉ်ကျင်းပမြဲဖြစ်သော ညောင်ရေသွန်းပွဲတော်ကို မေ ၃ရက် ကဆုန်လပြည့်(ဗုဒ္ဓဟူးနေ့)တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ဗုဒ္ဓဘာသာဝင်သူတော်စင်များ ညောင်ရေသွန်းလောင်းနိုင်ရန် စီစဉ်ထားသည်။ **(က-ပ)**

ကြည့်ရှုအားပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ဆိုဗီယက်ရုရှားပြန် ဦးမောင်မောင်၏ ဆိုဗီယက်ရုရှားပြန် ဆပ်ကပ်ဒီပလိုမာအာဇာနည်စန်းစန်း ဆပ်ကပ်အဖွဲ့ကြီး၏ ဖျော်ဖြေတင်ဆက်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးစဉ်။ (မြန်မာ့အလင်း)

▶ ရှေ့ဖုံးမှ

သို့ဖြစ်၍ ပြီးခဲ့သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်း ငါးနိုင်ငံပါဝင်သည့် ဘင်းမ်စတက် အသက်(၁၈)နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြောင်း၊ သို့သော်လည်းမိမိတို့ရရှိသည့် အောင်မြင်မှုကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားနိုင်ရေးနှင့် အရှေ့တောင်အာရှ၊ အာရှပြိုင်ပွဲစသည့် ပိုမိုကျယ်ပြန့်သည့် အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိရေးအတွက် ဆက်လက်မြှင့်တင်ကြိုးစားသွားကြရန်လိုကြောင်း။ တာဝန်ရှိသူများရော၊ အားကစားသမားများပါ၊ မိမိတို့ရရှိခဲ့သည့် အောင်မြင်မှုအပေါ် ရောင့်ရဲတင်းတိမ်ကျေနပ်မနေဘဲ မိမိတို့နှင့်အလားတူ အခြားသော နိုင်ငံများကလည်း ကြိုးပမ်းလျက်ရှိနေသည်ကိုသိရှိပြီး မိမိတို့အနေဖြင့် ယခုထက်ပိုမိုပြီး ပြင်းပြင်းထန်ထန်ကြိုးစားကြရဦးမည်ဆိုသည့် ခံယူချက်ဖြင့် စဉ်ဆက်မပြတ်ကြိုးပမ်းသွားကြရန်လိုကြောင်း။

ယနေ့အချိန်အခါတွင် အားကစားကဏ္ဍအလိုက် အောင်မြင်မှုများရရှိစေရန် ငွေကြေးအကုန်အကျခံပြီး ပံ့ပိုးထောက်ပံ့ဆောင်ရွက်ပေးနေသော်လည်း အောင်မြင်မှုများ လိုက်လျောညီထွေမဖြစ်ထွန်းလာသေးသည့် အကြောင်းရင်းများကို မှန်မှန်ကန်ကန် စိစစ်လေ့လာသုံးသပ်ပြီးအောင်မြင်မှုရရှိအောင် ပြုပြင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ထောက်ပံ့လျက်ရှိ

အမျိုးသားအားကစားနည်းဖြစ်သည့် ဘောလုံးအားကစားအောင်မြင်ရေးအတွက် နိုင်ငံတော်အပိုင်းက ပံ့ပိုးပေးမှုများအပြင် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌထံသို့ ကမ္ဘောဇဘဏ်က လှူဒါန်းသည့် အလှူငွေဖြင့် လက်ရွေးစင်အသင်းလေးသင်းမှအားကစားသမားများအတွက် လစဉ်ထောက်ပံ့ကြေး၊ စားစရိတ်၊ ဝတ်စုံစရိတ်၊ အားကစားပစ္စည်းများထောက်ပံ့ပေးလျက်ရှိကြောင်း၊ ထိုနည်းတူ နည်းပြဆရာများနှင့် အုပ်ချုပ်သူများကိုပါ လစဉ်ထောက်ပံ့ကြေးနှင့် စားစရိတ်များ ထောက်ပံ့ပေးလျက်ရှိနေကြောင်း။

ထို့ပြင် ပြည်ပနိုင်ငံများသို့သွား ရောက်ယှဉ်ပြိုင်သည့် အခါတွင်လည်း လိုအပ်သည့် ပံ့ပိုးထောက်ပံ့မှုများပေးလျက်ရှိကြောင်း၊ သက္ကရာဇ်၂၀၀၀ပြည့်နှစ်မှ ယနေ့အထိ မြန်မာနိုင်ငံအိုလံပစ်ကောင်စီအလှူငွေ တစ်ခုတည်းမှပင် ဘောလုံးအားကစားမြှင့်မားရေးအတွက် ငွေကျပ်သိန်းပေါင်းသုံးထောင်ကျော် ကျခံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း၊ ဤသည်မှာ နိုင်ငံတော်၏အစီအမံဖြင့်စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

အားပေးမြှင့်တင်

ဘောလုံးအားကစားနည်းတူ အခြားသောအားကစားနည်းများပါ တိုးတက်မြင့်မားရေးအတွက်ကိုလည်း ငွေကြေးများစွာ သုံးစွဲလျက်အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိနေကြောင်း။

ထို့ကြောင့် မြန်မာ့အားကစားတိုးတက်မြင့်မားရေးအတွက် တာဝန်ရှိသူအားလုံးက ညီညီညွတ်ညွတ် တက်တက်ကြွကြွ အားပေးဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ အားကစား မောင်မယ်များအပိုင်းကလည်း နိုင်ငံတကာပြိုင်ပွဲများတွင် အောင်ပန်းဆွတ်ခူးနိုင်ရေးအတွက် မဆုတ်မနစ်သောဇွဲ၊လုံ့လ၊ ဝီရိယတို့ဖြင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများဖြစ်လာစေရအောင် အားကြိုးမာန်တက်ကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားသည်။

အားကစားကွင်းအခြေအနေ

ယင်းနောက် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီအတွင်းရေးမှူး အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများဖြစ်သည့် မြန်မာ-ထိုင်း နှစ်နိုင်ငံ အိုလံပစ်ကော်မတီတို့အကြား အားကစားပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းကိစ္စ၊ အာဆီယံ-အိန္ဒိယကားပြိုင်ပွဲ (ASEAN-India, Car Rally)ကျင်းပရေးကိစ္စ၊ မြန်မာ-ထိုင်းအိုလံပစ်ကော်မတီတို့ပူးပေါင်းကျင်းပမည့် ၂၀၀၄ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ်အပြေးပြိုင်ပွဲ (Olympic Day Run)ကျင်းပရေးကိစ္စ၊ ကမ္ဘာ့အားကစားတွင် တားမြစ်ဆေးဝါးသုံးစွဲမှု ဆန့်ကျင်ရေးအေဂျင်စီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရေး လက်မှတ်ရေးထိုးခဲ့ခြင်းကိစ္စ၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၊ အိုလံပစ်သွေးစည်းညီညွတ်ရေးအစီအစဉ်အရ အားကစားအုပ်ချုပ်မှုသင်တန်းများဖွင့်လှစ်မည့်ကိစ္စ၊ ၂၀၀၄ခုနှစ် အေသင်အိုလံပစ် အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရေးကိစ္စ၊ ၂၀၀၅ခုနှစ်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရေးကိစ္စ၊ ၂၀၀၄ ခုနှစ် ပထမလေးလပတ်အတွင်း နိုင်ငံတကာအားကစား ယှဉ်ပြိုင်မှုများနှင့် အားကစားကိစ္စများဆောင်ရွက်မှုအခြေအနေ၊ ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် Miss ASEAN Culture, 2004 ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် Miss ASEAN Culture (Myanmar) ရွေးချယ်ပွဲကျင်းပရေးကိစ္စ၊ မျိုးဆက်သစ် အားကစားသမားများ ရွေးချယ်လေ့ကျင့်ပေးမှုအခြေအနေ၊ နွေရာသီအားကစားသင်တန်းများအခြေအနေ၊ ရန်ကုန်တိုင်းအတွင်း အဆင့်မြင့်ပြုပြင်ဖောက်လုပ်လျက်ရှိသော အားကစားကွင်းများ အခြေအနေနှင့် အားကစားရန်ပုံငွေ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာ့အားကစား အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မြန်မာ့အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် လိုအပ်သည်များပံ့ပိုးပေးနေမှုအခြေအနေကိုလည်းကောင်း၊ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်က မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီက စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် လက်ရွေးစင်အားကစားသမားများအား ထောက်ပံ့လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာ့အားကစားတိုးတက်မြင့်မားရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာ့အားကစား အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၁-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Population Statistics and Rates and Ratios (ပြည်သူ့ရေးရာ)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"ဥဏ်ကျယ်လေး"** (အပိုင်း-၁၁)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင်" အယောင်ဆောင်ချစ်သူ** (အပိုင်း-၄)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် မြို့နယ်ကြက်ခြေနီတပ်ရင်းမှ တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်စိုးဦးဆောင်၍ မြို့နယ်ကြက်ခြေနီတပ်ရင်းမှတပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ၁၃၆၆ ခုနှစ် နှစ်ဆန်း ၁ ရက် နံနက်က မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွား ၃၁၅ ဦးတို့အား လှူဒါန်းငွေကျပ် ၃၁၅၀၀၀ နှင့် အားဆေးများ လှူဒါန်းစဉ်။ (က-ပ)

ရွှေးကတော့စပါးကျီ ယခုတော့ စက်မှုနယ်မြေဆီသို့ ဦးတည်

တက္ကသိုလ် တင်ခ



ကျောက်ဆည်မြို့အနီးရှိ နွားလည်ကောက်တောင်၌ ထုံးကျောက်ကုန်ကြမ်း အလုံးအလောက်ထုတ်ယူသုံးစွဲနိုင်သည့် ကျောက်ဆည် ဆင်မင်းဘိလပ်မြေစက်ရုံ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ ခရီးစဉ်သည် အညာမြေတစ်လွှား စက်ရုံများတိုးပွားစည်ပင်ပြီး ကုန်ထုတ်စွမ်းအင် တိုးတက်စေချင်သော စေတနာဦးတည်ချက်တစ်ရပ်ပါဝင်ကြောင်း သိသာထင်ရှားလျက် ရှိပေသည်။

မြန်မာနိုင်ငံသည် မြေသယံဇာတ ကြွယ်ဝလှသည်။ ရေသယံဇာတလည်း ပြည့်စုံသည်။ မြန်မာ့ရေမြေသည် တူးဆွကြံဆမကုန်နိုင်သည့် သဘာဝဘဏ်တိုက်ကြီးဖြစ်သည်။ တီထွင်ကြံဆပါက သုံးမကုန်နိုင်အောင် စွမ်းဆောင်ပေးလျက်ရှိသည်။ ကြံစည်စိတ်ကူးကာမျှဖြင့် မရနိုင်၊ ကိုယ်တိုင်ကိုယ်ကျ အလုပ်လုပ်ကြဖို့သာ လိုသည်။ စမ်းသပ်တီထွင်ပြုပြင်ပါက သဘာဝသည် မြန်မာပြည်အတွက် လုပ်ကျွေးသမှု ကျေးဇူးပြုနေမည်သာ ဖြစ်သည်။

မြန်မာနိုင်ငံ သယံဇာတရေမြေသဘာဝကား ကြီးမားကျယ်ပြန့်လှဘိသည်။ မြေယာဖွေ့ရှာပါက ဧက၄၅သန်း ရှိသည်။ မြန်မာနိုင်ငံရှိ မြစ်ကြီးများနှင့် ချောင်းများမှ နှစ်စဉ်ရေစီးဆင်းမှုနှုန်းမှာ ဧကပေသန်းပေါင်း ၈၇၆သန်းခန့် ရှိသည်။

မြန်မာနိုင်ငံ ရေမြေသဘာဝသည် တီထွင်ကြံဆပါက ထုတ်ယူသုံးစွဲ၍ မကုန်ခန်းနိုင်အောင် စွမ်းဆောင်ဖန်တီးပေးလျက် ရှိသည်။

မြန်မာ့မြေ သဘာဝသယံဇာတသည် မြန်မာ့သမိုင်းစဉ်နှင့် ယှဉ်တွဲခဲ့သည်။ လယ်ယာစိုက်ပျိုးရေးကို အခြေခံသော မြန်မာနိုင်ငံသည် ရှေးယခင်ကပင် မြန်မာ့ဝမ်းစာစပါးကျီကို အခြေခံတည်ခဲ့သော အစဉ်အလာကောင်း ရှိခဲ့သည်။

မြန်မာနိုင်ငံသမိုင်းတွင် အနော်ရထာဘုရင်လက်ထက်က ရှေးဦးစွာ စည်းလုံးသော ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ခြင်းမှာ အကြောင်းမဲ့မဟုတ်ပေ။ ထက်မြက်သော နှလုံးရည်လက်ရုံးရည်စွမ်းရည်တို့ ရှိသည့်အပြင် နိုင်ငံတော်အတွက် ကြီးမားသော အမြော်အမြင်ရှိခြင်း၊ သူရသတ္တိနှင့်ပြည့်စုံသော စစ်သည်သူရဲကောင်းများ ရှိခြင်း၊ အရည်အချင်း ပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင် နိုင်ငံသားများ ရှိနေခြင်းနှင့် မြစ်သားကျောက်ဆည်လွင်ပြင်ဤလယ်တွင်းခရိုင်နယ်မြေမှ ပေါများသော စပါး၊ ဆန်စသည့် ရိက္ခာသီးနှံများ လုံလောက်စွာ ရရှိနေခြင်း အကြောင်းတို့ကြောင့် ဖြစ်သည်။

ထိုအချိန်မှစ၍ အနော်ရထာဘုရင်နောက် မြန်မာထီးနန်းဖြင့် တစ်သီးတခြားမင်းပြုစိုးစံခဲ့ကြသော မြန်မာပဒေသရာဇ် ဧကရာဇ်မင်းတို့သည်လည်း ယင်းတို့၏ မင်းနေပြည်တော်ကို ဤနယ်မြေနှင့် နီးနိုင်သမျှနီးအောင်၊ တစ်နည်း မြန်မာနိုင်ငံ အလယ်ပိုင်း၏ စပါးကျီ၊ စပါးတွင်းကြီးတစ်ခုသဖွယ် စပါးဆန်ရေပေါများစွာ ထွက်ရှိခဲ့သော လယ်တွင်းကိုးခရိုင်ဒေသနှင့် လက်လှမ်းမီရာ နယ်မြေတို့တွင် အခြေချမြို့တည်နန်းတည်၍ ထီးနန်းစိုက်ခဲ့ကြပေသည်။

မြန်မာနိုင်ငံသမိုင်းတွင် ထင်ရှားခဲ့ကြသော ပုဂံမင်းဆက်၊ ပင်းယမင်းဆက်၊ အင်းဝမင်းဆက်၊ စစ်ကိုင်းမင်းဆက်၊ တောင်ငူမင်းဆက်နှင့် ကုန်းဘောင်မင်းဆက်တို့မှစ၍ အမရပူရနှင့် ရတနာပုံနေပြည်တော် မန္တလေးတွင် စိုးစံခဲ့ကြသော မြန်မာမင်း အဆက်ဆက်တို့သည် ဧရာဝတီမြစ်ရေပြင်ကို မျက်နှာမူလျက် အနော်ရထာဘုရင် အမြော်အမြင်ကြီးစွာ၊ အစကောင်းစွာ ဆည်များ တည်ဆောက်၍ လယ်သစ်၊ နယ်သစ်များ တီထွင်ဖန်တီးခဲ့သော မြန်မာနိုင်ငံအလယ်ပိုင်း ဤလယ်တွင်း၁၁ရွာ လယ်တွင်းကိုးခရိုင်နယ်မြေကို ကျောထောက်နောက်ခံပြုကာ နှစ်ပေါင်းများစွာ ရပ်တည်ခဲ့ကြသည်ကို တွေ့ရပေသည်။

ကျောက်ဆည်နယ်မြေသည် နိုင်ငံတော်၏ စပါးကျီ၊ ရွှေပြည်တော်၏ ဝမ်းဗိုက်သာမဟုတ်သေး၊ နိုင်ငံအရေးကိုချုပ်ကိုင်နိုင်သည့် အရေးကြီးသော ဌာနတစ်ခုလည်း ဖြစ်ပေသည်။ ယင်းအကြောင်းနှင့် ပတ်သက်၍ ဒေါက်တာကျော်သက်၏ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း ပုဂံခေတ် လူမှုရေးနှင့် စီးပွားရေးအခန်းတွင် ဤသို့ ဖော်ပြထားလေသည်–

ပုဂံနှင့်အင်းဝမြို့ပတ်ဝန်းကျင်တစ်ဝိုက်သည် မင်းစိုးစံသော ဗဟိုဒေသများ ဖြစ်၍အရေးပါခဲ့သော်လည်း စင်စစ်အားဖြင့် ထိုဒေသများသည် ဆည်မြောင်းများနှင့် စိုက်ပျိုးသည့် ကျောက်ဆည်နယ်ကဲ့သို့သော ဒေသများကို အမှီကအားထား၍ နေကြရလေသည်။

ဆိုခဲ့သည့်အတိုင်း မြန်မာနိုင်ငံသမိုင်း စတင်ခဲ့သည်မှာ စီးပွားရေးဘဝနှင့် ပြည်သူတို့စားသုံးမှုဖူလုံစေရေးတွင် စပါးကျီတစ်ခုအဖြစ် မြစ်သား၊ ကျောက်ဆည်နယ်သည် စည်ပင်ဖွံ့ဖြိုးခဲ့သည်။

ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ကုန်းဘောင် ခေတ်အဆက်ဆက်တွင်လည်း ပြည့်ရှင်မင်းများက လယ်တွင်းကိုးခရိုင်တို့ကို အခြေပြုလျက် လူမှုစီးပွားရေး ဘဝခိုင်မာအောင် တည်ဆောက်ခြင်း၊ ပျိုးထောင်ခြင်း ပြုခဲ့ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက်

ကျောက်ဆည်မြို့နယ် အင်းကုန်းရွာရှိ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ။

၂၀၀၁ခုနှစ် နိုဝင်ဘာ ၂၇ရက်က မန္တလေးတိုင်း ကျောက်ဆည်မြို့ အရှေ့ဘက်ခြမ်း ခြောက်မိုင်ခန့်အကွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အမှတ် (၁) စက်မှုဝန်ကြီးဌာန စက်မှုနယ်မြေသို့လည်းကောင်း၊ ကျောက်ဆည်မြို့ အရှေ့ဘက် ရှစ်မိုင်အကွာ နွားလည်ကောက် ထုံးကျောက်တောင်အနီး တည်ဆောက်လျက်ရှိသည့် ဆင်မင်းဘိလပ်မြေစက်ရုံ စီမံကိန်းသို့လည်းကောင်း၊ ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာရှိ စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာ စက်ရုံအမှတ်(၂)သို့လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျောက်ဆည် မြို့နယ် အင်းကုန်းကျေးရွာရှိ စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေး စက်ရုံအမှတ်(၂) ရှင်းလင်းဆောင်၌ လမ်းညွှန်မှာကြားရာတွင် ဤသို့ ထည့်သွင်းမှာကြားခဲ့ပေသည်။

“ယခု အင်းကုန်းလယ်ယာသုံး စက်ကိရိယာစက်ရုံစီမံကိန်းသည် အထက်မြန်မာပြည် အခြေစိုက် လယ်ယာအခြေခံ စက်မှုလုပ်ငန်း (Agrobased Industry) ဖြစ်ကြောင်း၊ လက်ရှိထုတ်လုပ်နေသော စက်ပစ္စည်းအစိတ်အပိုင်းများသာမက အခြားလယ်ယာသုံးစက်ပစ္စည်းများကိုလည်း ထုတ်လုပ်သွားနိုင်ရမှာ ဖြစ်ကြောင်း၊ မိမိတို့ တီထွင်ထုတ်လုပ်သော စက်ပစ္စည်းများသည် သုံးစွဲသူ စိတ်ကြိုက်ဖြစ်ရန် အရေးကြီးကြောင်း၊ အရည်အသွေးကောင်းပြီး နိုင်ငံတကာ အဆင့်မီရမှာ ဖြစ်ကြောင်း၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းအဆင့်မှ နောင်တစ်ချိန်တွင် ပို့ကုန်စက်မှုလုပ်ငန်းအထိ တက်လှမ်းနိုင်အောင် ရည်မှန်းထားရမှာဖြစ်ကြောင်း”

အမှတ်(၁) စက်မှုဝန်ကြီးဌာန ကျောက်ဆည်စက်မှုနယ်မြေတွင် ပလတ်စတစ်စက်ရုံစီမံကိန်း၊ အဆင့်မြင့်မီးခံအုတ်စက်ရုံစီမံကိန်း၊ စက်ဘီး စက်ရုံစီမံကိန်း၊ အပ်ချုပ်စက်ရုံစီမံကိန်း၊ ဖိနပ်စက်ရုံစီမံကိန်း၊ စွပ်ကျယ်စက်ရုံစီမံကိန်း၊ သကြားလုံး စက်ရုံစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ စောင်စက်ရုံစီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု သိရပေသည်။

ကျောက်ဆည်မြို့နယ် အင်းကုန်း လယ်ယာသုံး စက်ကိရိယာစက်ရုံစီမံကိန်းသည် အထက်မြန်မာပြည်အခြေစိုက် လယ်ယာအခြေခံ စက်မှုလုပ်ငန်းဖြစ်သည့် အင်းကုန်းကျေးရွာရှိ အမှတ်(၂)ပင်မစက်ပြင် အလုပ်ရုံက ထွန်စက်နှင့် ထွန်ယက်ကိရိယာများ၊ လယ်ယာသုံးစက်ကိရိယာများ ပြင်ဆင်ပေးလျက်ရှိသည့်အပြင် ကျွမ်းကျင်လုပ်သားများကို ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ထို့ပြင် လယ်ယာသုံး စက်ကိရိယာအသစ်များကိုလည်း တီထွင်စမ်းသပ်ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရှိရပေသည်။

ယင်းစီမံကိန်းများတွင် တစ်ခုအပါအဝင်ဖြစ်သော ပလတ်စတစ်စက်ရုံ ဖွင့်ပွဲကို အမှတ်တရ ဖော်ပြလိုသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ၁၁-၄-၂၀၀၄ ရက်နေ့တွင် ရဟတ်ယာဉ်ဖြင့် ကျောက်ဆည်မြို့သို့ ရောက်ရှိကြပြီး ကျောက်ဆည် စက်မှုနယ်မြေရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ပလတ်စတစ်စက်ရုံ (ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)ဖွင့်ပွဲအခမ်းအနားသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိဌာနများမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကျောက်ဆည်ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားနှင့် ဆင်အကအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းတို့က ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပလတ်စတစ်စက်ရုံ(ကျောက်ဆည်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)ဆိုင်းဘုတ်ကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ပလတ်စတစ်စက်ရုံ (ကျောက်ဆည်) တည်နေရာ၊ စက်ရုံတည်ဆောက်ရသည့် ရည်ရွယ်ချက်၊ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘိလပ်မြေအိတ်ခွံ ထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ဝန်ကြီး ဦးအောင်သောင်းက စက်ရုံနှင့် စပ်လျဉ်း၍ ဖြည့်စွက် ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ(Ph.D)၏ မွေးနေ့အလှူတော်မင်္ဂလာနှင့် တိပိဋကဓရစာမေးပွဲအောင် အရှင်မြတ်များအား ဂုဏ်ပူဇော်မင်္ဂလာ အခမ်းအနားကျင်းပမည်

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D)၏ မွေးနေ့အလှူတော်မင်္ဂလာ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်အပ်သော "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ရ တိပိဋကဓရဆရာတော်၏ ဆရာသမားဖြစ်တော်မူသော စစ်ကိုင်းတောင်ရိုး ရတနာခုဝံနှင့် သဇ္ဇနောဒယချောင် ပဓာနနာယကဆရာတော်ဘုရားကြီး ဘဒ္ဒန္တသဇ္ဇနာဘိဝံသ "အဘိဓဇမဟာ ရဋ္ဌဂုရု"ဂုဏ်ဝိသိဋ္ဌပူဇာမင်္ဂလာနှင့် ၁၃၆၅ ခုနှစ် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အောင်ပန်းဆင်ခဲ့ကြသော အရှင်ဝေပုလ္လာလင်္ကာရ၊ အရှင်ဝိသိဋ္ဌာလင်္ကာရ၊ အရှင်ညဘာသာလင်္ကာရနှင့် အရှင်သုဇာတာလင်္ကာရ စာချဘုန်းကြီးများအား ဂုဏ်ပူဇာ မင်္ဂလာများကို ၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၆ ရက်(ဧပြီ ၂၄ ရက်) စနေနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ရေကူး၊ ကမ္ဘာအေးအရှေ့ ဝါယာလက် ၂ လမ်း၊ တိပိဋကမဟာ ဂန္ဓာရုံကျောင်းတိုက် သိရီမင်္ဂလာ အနန္တဂုဏ်ရည်ငါးထပ်ကျောင်းတော်ကြီး ဖုန်း–၆၆၁၄၆၇၊ ၆၅၀၃၁၃ ၌ ပူးတွဲကျင်းပမည်ဖြစ်ရာ တပည့်ရဟန်းများ၊ ဒါယကာ ဒါယိကာမများ ကြွရောက်ပူဇော်အားပေးချီးမြှောက်နိုင်ကြောင်း အကျိုးတော်ဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

ငြိမ်းချမ်းရေးယာဉ်လိုင်းများကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ မင်္ဂလာနှစ်သစ်အကြို(၂၃)ကြိမ်မြောက် ဘုရားကိုးဆူပူဇော်ပွဲနှင့်ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းဆက်ကပ်လှူဒါန်းပွဲကို ဧပြီ၁၈ရက်က ရုံးချုပ်ခန်းမတွင်ကျင်းပရာ ငြိမ်းချမ်းရေးယာဉ်လိုင်းများကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးခင်မောင်လေး (ငြိမ်း)နှင့် အတွင်းရေးမှူး ဦးမောင်စံတို့က ဆက်ကပ်လှူဒါန်းစဉ်။ (၁၂၉)

ဆုထူးပန်အဘိဓမ္မာညဝါအထူးသင်တန်းပို့ချမည်

ရန်ကုန် ဧပြီ ၂၀

တတိယအကြိမ်မြောက် နွေရာသီ ဆုထူးပန် အဘိဓမ္မာ ညဝါအထူးသင်တန်းကို ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ် (၁၅) နတ်မောက်ရိပ်သာလမ်း ကန်တော်ကြီးမြောက်ဘက် မျက်စိအထူးကု ဆေးရုံအနီး ဆုထူးပန် ပရိယတ္တိ စာသင်တိုက်၌ ပို့ချမည်ဖြစ်သည်။

သင်တန်းတွင် နယ်လှည့်အဘိဓမ္မာ ညဝါ သင်တန်းနည်းပြ အရှင်နန္ဒာစရိယက အမရပူရ–တောင်မြို့ ညဝါနည်းများဖြင့် စာမေးပွဲဖြေဆိုကြမည့် ရဟန်း၊ ရှင်၊ လူ၊ သီလရှင်များနှင့် တကွ ဗဟုသုတ လေ့လာလိုသူတို့အတွက် မွန်းလွဲ ၁နာရီတွင် ပဋ္ဌာန်းကျမ်း၊ မွန်းလွဲ ၂နာရီတွင် အထက်ယမိုက်ငါးကျမ်း၊ ညနေ ၄နာရီတွင် အောက်ယမိုက်ငါးကျမ်းတို့ကို ဧပြီ ၂၇ ရက်မှ ဇွန် ၉ ရက်အထိ သင်တန်းသုံး ကျမ်းစာအုပ်များကို အခမဲ့ပေးလှူပြီး ဓမ္မဒါနကုသိုလ်အဖြစ် ပို့ချပေးမည်ဖြစ်ရာ ဖုန်း–၀၁–၅၄၅၉၈၀ သို့ ကြိုတင် ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဓမ္မစာပေသင်တန်းပို့ချမည်

ရန်ကုန် ဧပြီ ၂၀

ရတနာ့ဂုဏ်ရောင် ဓမ္မစာပေသင်တန်းက အဘိဓမ္မာနှင့် ပါဠိသဒ္ဒါ၊ညဝါ သင်တန်းများကို ဧပြီ ၂၄ရက် (စနေနေ့)မှစ၍ စနေနှင့် တနင်္ဂနွေနေ့တိုင်း စွမ်းအင်ဝန်ကြီးဌာနဓမ္မာရုံ(ဗဟန်း ၃လမ်းအနီး)တွင် သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

သံတွဲမြို့ မဟာသင်္ကြန် ဗဟိုမဏ္ဍပ်တွင် မဟာသင်္ကြန်ပွဲတော်ကို သံတွဲခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်နှင့်သံတွဲမြို့နယ် ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်တို့က ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

တရားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၀

မြောက်ဥက္ကလာပမြို့နယ်(ဈ) ရပ်ကွက် သဒ္ဓမ္မဟိတကာရီဓမ္မာရုံတော်ကြီးတွင် ဧပြီ၂၁ရက်မှ ၂၃ရက်အထိ ဓမ္မစေတီဆရာတော်ဘဒ္ဒန္တကောသလ္လက လည်းကောင်း၊ ဧပြီ ၂၅ ရက်တွင် မင်းကွန်းတောင်ရိုး(ရေမီး၊ဆွမ်း၊ဆေး) ဘဒ္ဒန္တဓမ္မသာရက လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)မှာ တစ်နှစ်လျှင် ဘိလပ်မြေ အိတ်ခွဲကိုးသန်းထုတ်လုပ်ပေးနိုင်မည့် စက်ရုံဖြစ်သည်။ နောင်တွင် ကြက်သွန်အိတ်များပါ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိခဲ့ရသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် အစိုးရနည်းပညာကောလိပ်(ကျောက်ဆည်)သို့ရောက်ရှိကြရာ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ရန်ကုန်နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဓာတုအင်ဂျင်နီယာဌာနနှင့် ဇီဝနည်းပညာမဟာဌာန ဌာနမှူး ဒေါက်တာ ဒေါ်မြမြဦးက ရန်ကုန်နည်းပညာတက္ကသိုလ်က စမ်းသပ်သုတေသနပြု ဆောင်ရွက်လျက်ရှိသည့် ဇီဝဓာတ်ငွေ့သုတေသနလုပ်ငန်း၊ ဇီဝဓာတ်ငွေ့ဖြင့် ကျောက်ဆည်မြို့နယ်နှင့် တံတားဦးမြို့နယ်တို့အတွင်းရှိ ကျေးရွာများ၌ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်မှု၊ ဇီဝဓာတ်ငွေ့ ထုတ်ကန်မှရရှိသော သဘာဝမြေဩဇာနှင့် သဘာဝမြေဩဇာ၏ အစွမ်းသတ္တိများ၊ သစ်တိုသစ်စ၊ စပါးခွံများဖြင့် ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ချက်များ၊ ဇီဝမြေဩဇာထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က ကျေးရွာသုံး ဇီဝဓာတ်ငွေ့ထုတ်ကန်များကို ကျေးရွာများ၌ အသုံးပြုနိုင်ရန် စည်းရုံးဆောင်ရွက်ခဲ့မှုနှင့် ကျေးရွာလူထု ကြိုက်နှစ်သက်သုံးစွဲနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပေသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားနှင့် သဘာဝမြေဩဇာ ရရှိနိုင်သည့် ကျေးရွာသုံး ဇီဝဓာတ်ငွေ့ထုတ်ကန် တည်ဆောက် ထုတ်လုပ်ခြင်း လုပ်ငန်းများကို ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်ကြရန် မှာကြားသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဇီဝဓာတ်ငွေ့ သုတေသနလုပ်ငန်း၊ ဇီဝမြေဩဇာ သုတေသနလုပ်ငန်း၊ အပင်တစ်သျှူး မွေးမြူမျိုးပွားခြင်းလုပ်ငန်းစသည့် သုတေသနပြုဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြသထားမှုများကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကျေးရွာသုံး ဇီဝဓာတ်ငွေ့ထုတ်ကန်တည်ဆောက်၍ လျှပ်စစ်မီးအသုံးပြုလျက်ရှိပြီး သဘာဝမြေဩဇာအသုံးပြုနိုင်လျက်ရှိသည့် ကျေးရွာများမှ ရွာသူရွာသားများအား တွေ့ဆုံမေးမြန်းရာ ရွာသူရွာသားများက ဇီဝဓာတ်ငွေ့ထုတ်ကန် တည်ဆောက်အသုံးပြုခြင်းကြောင့် ရရှိသည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြခဲ့ကြပေသည်။

အချင်း ၁၇ဒသမ၂လက်မ၊ အမြင့် ၁၀ပေ၊ ကန်ထုထည် ၅၀ကုဗမီတာ အတိုင်းအတာရှိသည့် ကျေးရွာသုံးဇီဝဓာတ်ငွေ့ထုတ်ကန်များကို ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာ၊ တံတားဦးမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတို့၌ စမ်းသပ်တည်ဆောက်ခဲ့ပေသည်။

ဇီဝဓာတ်ငွေ့ထုတ်ကန်များတွင် နွားချေး၊ ဝက်ချေး၊ မြင်းချေးစသည့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ၊ ကောက်ရိုး၊ ပြောင်းရိုး၊ ဂျုံရိုး၊ နှမ်းရိုးစသည့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများ၊ အကိုင်းအခက်များ၊ မြက်ပင်များ၊ ဗေဒါများ၊ သစ်ရွက်ကြွေများစသည့် သစ်တောဘေးထွက်ပစ္စည်းများ၊ စက်ရုံနှင့်မြူနီစပယ်စွန့်ပစ်ပစ္စည်းများကိုအသုံးပြု၍ ဇီဝဓာတ်ငွေ့ထုတ်ယူနိုင်သည်။

ထွက်ရှိလာသည့် ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့်အပြင် သဘာဝမြေဩဇာများ ရရှိကြောင်း သိရှိရသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်ရှိ CNC Machine Shop လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် လိမ္မော်၊ပျားလိမ္မော်နှင့်ပြည်ပသစ်ခွများကို တစ်သျှူးနည်းဖြင့် သုတေသနပြုမွေးမြူစမ်းသပ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြပေသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇီဝမြေဩဇာပြင်ဆင်ခြင်း သုတေသနလုပ်ငန်းများကိုလည်းကောင်း၊ သစ်တိုသစ်စများအသုံးပြု၍ ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေး အားပေးကြပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ပြန်လည်ပြည့်ဖြိုးမြဲ လောင်စာဖြစ်သော ဇီဝဓာတ်ငွေ့ကို နွားချေးနှင့် သစ်တိုသစ်စမှ ထုတ်ယူ၍ ကျေးလက်သုံး လျှပ်စစ်စွမ်းအင်ရရှိရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို ရန်ကုန်နည်းပညာတက္ကသိုလ် ဓာတုအင်ဂျင်နီယာဌာနနှင့် ဇီဝနည်းပညာမဟာဌာနကကြီးမှူး၍ လေ့လာစမ်းသပ်တီထွင် ဆောင်ရွက်လျက်ရှိကြောင်း မှတ်သားလေ့လာရပေသည်။

ကျောက်ဆည်မြို့ရှိ အစိုးရနည်းပညာကောလိပ်သည် ကျောက်ဆည် စက်မှုနယ်မြေအတွက် လေ့ကျင့်ကွင်းဆင်းရာ လက်တွေ့နယ်မြေ ဖြစ်နေပေသည်။ ရန်ကုန်နည်းပညာတက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဓာတုအင်ဂျင်နီယာဌာနနှင့် ဇီဝနည်းပညာဌာနမှ ဌာနမှူးဒေါက်တာ ဒေါ်မြမြဦးနှင့် ပါရဂူဘွဲ့ယူရန် စာတမ်းတင်သွင်းမည့်ဆရာမများသည် ထူးခြားလှသော သဘောကို တွေ့ရပေသည်။

သူတို့လေးတွေသည် ပညာတတ်အမျိုးသမီးငယ်များ ဖြစ်သော်လည်း ကျေးရွာသုံး ဇီဝဓာတ်ငွေ့ကန်များကို ကျေးရွာများစွာအသုံးပြုရန် လက်တွေ့စည်းရုံးလုပ်ကိုင်မှုကို အထူးဂုဏ်ပြုထိုက်ပေသည်။ သူတို့လေးတွေသည် ကျောက်ဆည်၊ တံတားဦးမြို့နယ်များသို့ ကိုယ်တိုင်ကွင်းဆင်းသွားရောက်ခဲ့ကြသည်။ ကျေးရွာသူကျေးရွာသားများက နားမလည်၍ မေးမြန်း ပြောဆိုမှုများကို စိတ်ရှည်လက်ရှည် သည်းခံပြန်ကြား ဖြေဆိုပေးခဲ့ကြသည်။

စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကိုယ်တိုင် ကျေးရွာများမှ ရွာသူရွာသားများကို လက်တွေ့မေးမြန်းခဲ့သည်။ ရွာသူရွာသားများက ဇီဝဓာတ်ငွေ့ထုတ်ကန် တည်ဆောက်အသုံးပြုခြင်းကြောင့် ရရှိသည့်အကျိုးကျေးဇူးများကို ပြန်လည် ဖြေကြားခဲ့ကြသည်။

ကျောက်ဆည်နယ်မြေသည် ရှေးခေတ်အဆက်ဆက်တွင် စပါးကျီဖြစ်ခဲ့သည်။ ယခုမူ သူမတူ ထူးခြား မကြာမီ ဖွံ့ဖြိုးတိုးတက်လာတော့မည့် စက်မှုနယ်မြေဆီ ဦးတည်လျက် ရှိနေပေတော့သည်။ ။

ရခိုင်ရိုးရာနံ့သာသွေးပြိုင်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၀

သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ၁၃၆၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်အထိမ်းအမှတ် ပထမအကြိမ် သံတွဲခရိုင် ရခိုင်ရိုးရာနံ့သာသွေးပြိုင်ပွဲကို ဧပြီ ၁၂ရက် မွန်းလွဲ ၂နာရီက သံတွဲမြို့ ဘုရင့်နောင်လမ်းရှိ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ကျင်းပရာ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်က နံ့သာသွေးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။

ထို့နောက် သံတွဲမြို့ပေါ်ရပ်ကွက်များ၊ ဌာနဆိုင်ရာများနှင့် ဈေးတို့မှ ပြိုင်ပွဲဝင် အသင်း ၂၁ သင်းတို့က ဝင်ရောက် ယှဉ်ပြိုင် ကြသည်။ ဧပြီ ၁၃ ရက် နံနက်ပိုင်းတွင် ပြိုင်ပွဲဝင်အသင်းများက သွေးထားသည့် နံ့သာရည်များဖြင့် သံတွဲမြို့ပေါ်ရှိ သမိုင်းဝင် ရွှေနံ့တော်စေတီ၊ ရွှေဆံတော်စေတီ၊ ရွှေအံတော်စေတီနှင့် သာသနာ့ဗိမာန်ရှိ ဆင်းတုတော်များကို လှည့်လည် သွန်းလောင်း သပ္ပာယ်ပူဇော်ကြသည်။

(သတင်းစဉ်)

ဝံသာနုသတင်းလွှာ
အတွဲ(၁၃)၊အမှတ်(၈)ဖြန့်ချိ

ရန်ကုန် ဧပြီ ၂၀

၂၀၀၄ခုနှစ် မြန်မာနှစ်သစ်ကူး သင်္ကြန်ပုံရိပ်များကို ပေါင်းစည်းဖော်ကျူးထားသည့် မျက်နှာဖုံးနှင့် ကျောဖုံးအလှတို့ဖြင့် "ဝံသာနု"သတင်းလွှာ အတွဲ(၁၃)၊အမှတ်(၈)ကို ထုတ်ဝေထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

"ဝံသာနု"သတင်းလွှာတွင် မဟာမြတ်မုနိဘုရားကြီး ပြာသာဒ်တော် အထက်ပိုင်း သံကွန်ချာပျားစွဲ၊ ဂင်္ဂါကျွန်းကျောက်တုံးများကြားက ဝေလငါးကြီး၊ မန္တလေး၌ မိုးသည်းထန်စွာရွာ လေပြင်းတိုက်ခတ်မှုဖြစ်ပွား၊ စီးပွားဖြစ် သင်္ကြန်ရေကစားမဏ္ဍပ်များ၊ သင်္ကြန်ကို အရောင်ဆိုးခဲ့သော မြင်ကွင်းပုံရိပ်များ၊ ဒါဖတ်ပြီးမှ နိုင်ငံခြားမှာ အလုပ်သွားလုပ်ကြ၊ မြန်မာတွေ စည်းကမ်းရှိဖို့ အချိန်တန်ပြီ (ဆောင်းပါး)နှင့် ထိုင်းသင်္ကြန်ပွဲတော်၊ ဗြိတိန်အာဏာပိုင်များ အစိုးရိမ်လွန်ကဲမှု ကင်းထောက်လက်စွဲစာအုပ်အပိတ်ခံရ၊ ဘင်လာဒင်ကို ရက်ရက်စက်စက်ချေမှုန်းသတ်ဖြတ်ရန် ကလင်တန်ကြံစည်ခဲ့၊ ဗြိတိန်ကျောင်းသားများ မူးယစ်ဆေးဝါးသုံးစွဲမှု ပိုမိုများပြားလာ၊ အီရတ်နိုင်ငံမှ ရွှေချောင်းခိုးထုတ်သူ ဗြိတိသျှစစ်သား၊ အနောက်ဥရောပ ဓလေ့ကို အားကျသော ထိုင်းလူငယ်လူရွယ်များ၏ အချစ်ရေးပြဿနာ၊ အမေရိကန်ရဲများ အနိုင်ကျင့်ခံရသူ အမေရိကန်ရုပ်ရှင်မင်းသား၊ ကြော်ငြာမှ စူပါဖြစ်နေသော ကမ္ဘာကျော် ဘောလုံးသမားစသည်တို့ဖြင့်ပြည်တွင်း ပြည်ပသတင်းအဖုံဖုံကို ပြည့်ပြည့်စုံစုံ ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ်၄၁ ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ **(က–ပ)**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ရန်ကုန်–နယူးဒေလီ လေကြောင်းလိုင်းသစ်ကို ဤသို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း–သောင်းဝင်းဗိုလ်)

▼ ကျောဖုံးမှ

MAIသည် စတင်တည်ထောင်သည့်ချိန်မှ ယခုအချိန်အထိ ၁၀ နှစ်ကျော်ကာလအတွင်း နိုင်ငံခြားငွေ အမြောက်အမြားကို ရှာဖွေပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံမှဌာနဆိုင်ရာတာဝန်ဖြင့် ပြည်ပသို့သွားရောက်ကြသူများ အတွက်လည်း ``MAI''ကအစစအရာရာ အဆင်ပြေချောမွေ့အောင် စိတ်တိုင်းကျဖြစ်အောင် ဆောင်ရွက်ပေးသည်။ MAI လေကြောင်းလိုင်းမရှိသောနိုင်ငံသို့သွားလိုပါက MAI က တာဝန်ယူ စီစဉ်ပေးပြီး အခြားလေကြောင်းလိုင်းဖြင့် ပူးတွဲဆောင်ရွက်ပေးမှုကြောင့် များစွာ အဆင်ပြေလျက်ရှိသည်။

ထို့အပြင် နိုင်ငံတကာအတွေ့အကြုံရှိသည့်နိုင်ငံခြားမှ ငှားရမ်းထားသော ပညာရှင် အင်ဂျင်နီယာများက လေယာဉ်ကို စဉ်ဆက်မပြတ်ကြပ်မတ်စစ်ဆေးပေးမှုကြောင့် ခရီးသည်များ အများစု၏ စိတ်ချယုံကြည်မှုကို ခံရသောအောင်မြင်မှုကလည်း MAI၏ ကျော်ကြားမှုတစ်ခုဖြစ်သည်။

ခရီးစဉ်သစ်တိုးချဲ့

၂၀၀၄ခုနှစ် မတ်လ၁၅ရက်က ရန်ကုန်–နယူးဒေလီ–ရန်ကုန် ခရီးစဉ်သစ်ကို တိုးချဲ့ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ခရီးစဉ်သစ်ဖွင့်ပွဲကို ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တက်ရောက်ပြီး ခရီးစဉ်သစ်အတွက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ပရိတ်ရေစင်နှင့် အမွှေးနံ့သာရည်များဖြင့် မြန်မာ့ရိုးရာထုံးတမ်းစဉ်လာအတိုင်း လေယာဉ်ဦးခေါင်းပိုင်းကို သွန်းဖျန်းပေးခဲ့သည်။

နှုတ်ဆက်အားပေး

ဆက်လက်၍ ဖွင့်ပွဲပြီးပြီးချင်း ရန်ကုန်မှ နယူးဒေလီသို့ ပထမဦးဆုံးအခေါက်ဖြင့် လိုက်ပါသွားကြသည့် ခရီးသည် ၇၀တို့ကို ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေက လေယာဉ်ပေါ်သို့တက်၍ တစ်ဦးချင်းလိုက်လံနှုတ်ဆက် အားပေးခဲ့သည်။

ရန်ကုန်–နယူးဒေလီ–ရန်ကုန် ခရီးစဉ်သည် အိန္ဒိယနိုင်ငံမှ ခရီးသည်များသာမက မြန်မာနိုင်ငံမှ ဘုရားဖူးသွားသည့်အဖွဲ့များအတွက်ပါ အဆင်ပြေလှသည်။ မြန်မာနိုင်ငံ ရန်ကုန်မှ တနင်္လာ–ဗုဒ္ဓဟူး–သောကြာတစ်ပတ် သုံးရက်ထွက်မည်ဖြစ်သည်။ ညပိုင်း ၉ နာရီ ၃၅ မိနစ်စတင်ပျံ သန်းပြီး အိန္ဒိယနိုင်ငံ နယူးဒေလီသို့ ညပိုင်း ၁၂နာရီကျော်ကျော် ရောက်မည်ဖြစ်ပြီး နယူးဒေလီမှ အင်္ဂါ–ကြာသပတေး–စနေနေ့တို့၌ ပြန်ထွက်မည်ဖြစ်ကြောင်းသိရသည်။

တိုးမြှင့်နိုင်တော့မည်

ရန်ကုန်–နယူးဒေလီ လေကြောင်းလိုင်းသစ် ဖွင့်လှစ်ပေးခြင်းကြောင့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ နှစ်နိုင်ငံ၏စီးပွားရေးနှင့် ကုန်သွယ်မှုကိစ္စများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပြီး စီးပွားရေးလုပ်ငန်းများကိုလည်း နှစ်နိုင်ငံပူပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်တော့မည်ဖြစ်ရာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေးကဏ္ဍများ တိုးမြှင့်နိုင်တော့မည်ဖြစ်ကြောင်း သတင်းစကားပါးလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ပြာသာဒ်ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသေက ပဏ္ဍိတအား ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားကို ဧပြီ၁ရက်မွန်းလွဲ၁နာရီတွင် ယင်းစာသင်တိုက်၌ကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရား ကန်တော့၍ ဖွင့်လှစ်ပြီး ဆရာတော် သံဃာတော်များအား ရန်ကုန် အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးမောင်မောင်အေးနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒေါပုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က ပူဇော်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ လျှောက်ထားပြီး ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကို ပြာသာဒ်ကျောင်း ဓမ္မကထိက ဘဒ္ဒန္တအာလောက က လျှောက်ထားသည်။

ဆက်လက်၍ သီရိသုခမ္မမဏိဇောတရဲဘွဲ့တံဆိပ်တော်ရ ဆရာကြီး ဦးဉာဏ်လွင်၊ ဦးအောင်ကြည်မြင့်နှင့်ဦးထွန်းထွန်း ပုဂ္ဂိုလ်သုံးဦးတို့အား ဂုဏ်ထူးဆောင် လက်မှတ်များကို တာဝန်ရှိသူတို့က ချီးမြှင့်ပြီးရွှေသုဝဏ်ကျောင်းဆရာတော်ထံမှ ရေစက်ချတရားနာယူကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

ခရီးသည်များအား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(ဓာတ်ပုံမှတ်တမ်း–သောင်းဝင်းဗိုလ်)

မြန်မာစာရေးဆရာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

ရန်ကုန် ဧပြီ ၂၀

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် တရုတ်–မြန်မာနှစ်နိုင်ငံစာရေးဆရာများ အပြန်အလှန် နားလည်မှုနှင့် နှစ်နိုင်ငံပြည်သူများ ချစ်ကြည်မှု တိုးပွားစေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်မည့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်–စိတ်ပညာ)ခေါင်းဆောင်သော မြန်မာစာရေးဆရာ ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။ **(ယာပုံ)**

ပို့ဆောင်နှုတ်ဆက်

ယင်းသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာန လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ တာဝန်ရှိသူများ၊ မိသားစုများကလည်း ပို့ဆောင်နှုတ်ဆက်ကြသည်။

အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း) တို့ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

မိုးရွာမှန်း

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာသင်္ဘောသားများ မှတ်ပုံတင်ထုတ်ပေး

ရန်ကုန် ဧပြီ ၂၀

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက နိုင်ငံတကာပင်လယ်ကူး မြန်မာသင်္ဘောသားများအား မြန်မာသင်္ဘောသားများမှတ်ပုံတင် (Seafarer's Identity Document) SID ကို စိစစ်ဆောင်ရွက်ခဲ့ရာ ဧပြီ၂၂ရက် နံနက်၁၀နာရီမှစ၍ ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ စတင်ထုတ်ပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွယ်လွန်သူ ဦးဘိုကေအား ရည်စူး၍ တိုက် ၅၆ အခန်း ၁၃ ဖဆပလအိမ်ရာ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဇနီး ဒေါ်စီက (၇၅)နှစ်ပြည့်မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂)ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း)က လက်ခံယူစဉ်။ (က–ပ)

အမျိုးသမီးများအတွက် ကျောင်းပြင်ပပညာရေးဟောပြော

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့၏ စီစဉ်မှုဖြင့် အမျိုးသမီးများအတွက် ကျောင်းပြင်ပပညာရေးနှင့် စပ်လျဉ်းသည့် ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန ခန်းမဆောင်၌ ကျင်းပသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးသက်နှင့်ဒေါ်ခင်ခင်ဝင်း၊ ပညာရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့နှင့် အကြံပေးပုဂ္ဂိုလ်များ၊ အထွေထွေ အတွင်းရေးမှူး၊ ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ တာဝန်ခံများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်ပညာရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်မင်းသက်မွန်က ဟောပြောပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်က အမျိုးသမီးများအတွက် ကျောင်းပြင်ပပညာရေးနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

ယင်းနောက် ဟောပြောပွဲတက်ရောက်လာကြသူများက အမျိုးသမီးများအတွက် ကျောင်းပြင်ပ ပညာရေးဟောပြောပွဲနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပညာရေးအဖွဲ့အကြံ ပေးပုဂ္ဂိုလ်ဒေါ်ခင်သန်းနွဲ့က ဟောပြောပို့ချသူ ညွှန်ကြားရေးမှူးချုပ် ဦးမြင့် ဟန်အား ဂုဏ်ပြုလက်ဆောင်ပေး အပ်၍ ညွှန်ကြားရေးမှူးချုပ် ဦးမြင့် ဟန်က မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ပညာရေးလုပ်ငန်း အဖွဲ့ အတွက် စာအုပ်စာတမ်းများ ပြန်လည် ပေးအပ်ပြီး ဟောပြောပွဲကို ရုပ်သိမ်း လိုက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့၏ စီစဉ်မှုဖြင့် အမျိုးသမီးများအတွက် ကျောင်းပြင်ပ ပညာရေးနှင့်စပ်လျဉ်းသည့် ဟောပြောပွဲတွင် ဟောပြောပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ တေးသရုပ်ဖော်အစီအစဉ်

၈:၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက

၈:၁၀ ၇။ အတီးပြိုင်ပွဲ

၈:၂၀ ၈။ ပသောင်းတံတား

၈:၃၀ ၉။ International News

၈:၄၅ ၁၀။ Happy and Educational English Summer Course MRTV

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ Practice in Reading

၁၆:၄၅ ၄။ တေးဂီတအစီအစဉ်

၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)

၁၇:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး

၁၇:၂၅ ၇။ သီချင်းကြီးပဒေသာ

၁၇:၄၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၁၇:၅၅ ၉။ "စက်မှုတပ်ဆင် လုပ်ငန်းတွင်" (အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းဝင်း)

၁၈:၀၀ ၁၀။ ဘော်ဘင်ရေလှောင်တမံ

၁၈:၀၀ ၁၁။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်

၁၈:၂၀ ၁၂။ Discovery

၁၈:၃၀ ၁၃။ ညနေခင်းသတင်း

၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၅။ ကြွခိုင်ကျန်းမာ ပြည်မြန်မာ

၁၉:၂၀ ၁၆။ တေးဂီတအစီအစဉ်

၁၉:၃၅ ၁၇။ အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ (အပိုင်း-၁)

၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၂၅)

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ မဲခေါင်ဒေသ လူကုန်ကူးမှု တိုက်ဖျက်ရေးအစီအစဉ် ((UN-IAP)တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဥပဒေရေးရာ စီမံခန့်ခွဲသူများဖြင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ် ပြတိုက်ဝင်းအတွင်းရှိ အုပ်ချုပ်မှုအဆောင်၌ ဧပြီ ၂၀ ရက်က ကျင်းပရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်း ကော်မတီ အတွင်းရေးမှူး ရဲမှူးချုပ်ဝင်းမြိုင် အဖွင့်အမှာစကား ပြောကြားစဉ်။

(ပြည်ထဲရေး)

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုအောင်မြင် မြန်မာ့ဆေးလောက၏ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်

ရန်ကုန် ဧပြီ ၂၀

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဒုတိယဝန်ကြီးဒေါက်တာမြဦးနှင့်ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ဆောင်ရွက်လျက်ရှိသော (၁၀)ကြိမ်မြောက် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုလုပ်ငန်းများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ဆီးနှင့်ကျောက်ကပ် အထူးကုသဌာနနှင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးတို့ ပူးပေါင်း၍ ၂၆ ဦးမြောက် ကျောက်ကပ် အစားထိုး ကုသမှုခံယူသူ လူနာ ဦးမောင်မောင်လွင်အား ယနေ့နံနက် ၉ နာရီ မိနစ် ၂၀တွင် စတင်ခွဲစိတ် အစားထိုး ကုသခြင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ကျောက်ကပ် အစားထိုး ခွဲစိတ်ကုသမှုလုပ်ငန်းကို ဧပြီ ၂၁ရက်တွင် လူနာဦးကျော်မွန်ရည်အားလည်းကောင်း၊ ဧပြီ ၂၂ ရက်တွင် လူနာ ဦးသိန်းအောင်အား လည်းကောင်း၊ ဧပြီ ၂၃ ရက်တွင် လူနာ ဒေါ်ထွန်းရင်အားလည်းကောင်းကျောက်ကပ်အစားထိုး ခွဲစိတ်ကုသပေးသွားမည်ဖြစ်သည်။

အထူးကြပ်မတ်

ခွဲစိတ်ကုသမှုလုပ်ငန်းကို ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဦးပိုင်စိုးက ဦးဆောင်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆီးကျောက်ကပ်ဆေးအထူးကုသဌာနမှ ကျောက်ကပ် အထူးကု သမားတော်ကြီးများ ဖြစ်ကြသောဒေါက်တာတင်ရွှေ၊ဒေါက်တာ စောနောင် ခေါင်းဆောင်သော ဆေးကုသမှုအဖွဲ့နှင့် သဃ်န်းကျွန်းစံပြ ဆေးရုံကြီးမှ ဒေါက်တာခင်သီတာသွင်တို့ ပူးပေါင်း ပါဝင်သောအဖွဲ့၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ကျောက်ကပ်ခွဲစိတ်အဖွဲ့အား ပါမောက္ခ ဦးသန်းအေးခေါင်းဆောင်၍ဒေါက်တာ ကျော်စွာလှိုင်ပါဝင်သော ကျောက်ကပ်ခွဲစိတ်အဖွဲ့၊ သဃ်န်းကျွန်း စံပြ အထွေထွေရောဂါကု ဆေးရုံကြီးမှ ပါမောက္ခ ဦးခင်ထွန်း ခေါင်းဆောင်၍ ကထိကဒေါက်တာဝင်းမြိုင် ပါဝင်သော ကျောက်ကပ် ခွဲစိတ်အဖွဲ့၊ ရန်ကုန်အထူးကြပ်မတ်ကုသဌာနမှ မေ့ဆေးပါမောက္ခ ဦးတင်မြင့် ခေါင်းဆောင်၍ မေ့ဆေးပါရဂူ ဒေါက်တာကြည်လင်း၊ဒေါက်တာ ကြည်ကြည်စမ်းတို့ပါဝင်သောမေ့ဆေး အထူးကုအဖွဲ့တို့က အထူးကြပ်မတ်၍ ခွဲစိတ်ကုသမှုလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်ကြသည်။

ပံ့ပိုးကူညီ

ခွဲစိတ်ကုသမှုလုပ်ငန်း အောင်မြင်ရန်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံသစ်ကြီးမှ ရောဂါဗေဒဌာန၊ သွေးလှူဘဏ်ဌာန၊ ဓာတ်မှန်ဌာန၊ အဏုမြူရောင်ခြည်ဌာနတို့ ပူးပေါင်းပါဝင်၍ ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံသစ်ကြီး ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ထွဋ် ခေါင်းဆောင်သော ဝန်ထမ်းများက အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည်။

ပြုပြင်ကုသပေးခဲ့

ဆီးကျောက်ကပ် အထူးကုသမှု သမားတော်အဖွဲ့သည် ကျောက်ကပ် နာတာရှည်ပျက်စီးပြီး ဆီးဆိပ်များ တက်၍ အသက်အန္တရာယ်ရှိနေသော ကျောက်ကပ်ဝေဒနာရှင်များ၊ ကျောက်ကပ်တုသွေးသန့်စင်စက်ဖြင့် သွေးအတွင်းရှိ အဆိပ်များ ကျဆင်းသွားအောင် အသက်ဆက်ပေးခြင်းဖြင့် ကျောက်ကပ်အစားထိုး ခွဲစိတ်ခြင်း လုပ်ငန်းမစတင်မီ အချိန်ကပင် မှန်မှန်ဂရုတစိုက် ဆောင်ရွက်ပေးခဲ့ကြသည်။ နာတာရှည် ဆီးဆိပ်များတက်၍ ခန္ဓာကိုယ်တစ်ကိုယ်လုံးရှိ အင်္ဂါအစိတ်အပိုင်းများ အထူးသဖြင့် နှလုံး၏ လုပ်ဆောင်မှု တတ်နိုင်သမျှ ပုံမှန်လုပ်ဆောင်နိုင်ရန် လည်းကောင်း၊ ကျောက်ကပ်ပျက်စီးခြင်းနှင့် အစဉ်တွဲလျက်ဖြစ်ပေါ်လာသော ကုသရခက်ခဲသည့် သွေးတိုးရောဂါ၊ သွေးအားနည်းရောဂါတို့ကိုလည်း အီရက်သရိုပွိုင် ရက်တင် (Erythropoietin)ဟု ခေါ်သော ဟိုမုန်းထိုးဆေးတစ်မျိုးဖြင့်ထိုး၍ ကုသခြင်းများကို ဆောင်ရွက်ကြရသည်။ ခွဲစိတ်မှုနှင့် မေ့ဆေးဒဏ်ခံနိုင်ရန် ခန္ဓာကိုယ်အစိတ်အပိုင်းများ တတ်နိုင်သမျှ ပုံမှန်အလုပ်လုပ်ရန် ပြုပြင်ကုသမှုများ ပေးခဲ့ရသည်။

ကျောက်ကပ်ခွဲစိတ်ကုသသည့်နေ့တွင်လည်း အစားထိုးလိုက်သော အလှူရှင်၏ ကျောက်ကပ်ကို လူနာ၏ ခန္ဓာကိုယ်မှ တွန်းလှန်ဖျက်ဆီးမှုကို ဖိနှိပ်ကာကွယ်ရန် အားပြင်းသော ခုခံအားချပေးသည့် Immunosuppressive ဆေးများကို တိကျသော အတိုင်းအတာရအောင် ညှိနှိုင်းတိုက်ကျွေးခြင်း၊ဆေးထိုးခြင်းတို့ကိုလည်း သမားတော်ကြီးအဖွဲ့မှ ဆောင်ရွက်ရသည်။

အထူးဂရုစိုက်

ကျောက်ကပ်ခွဲစိတ်ပါရဂူအဖွဲ့သည် အလှူရှင်ထံမှ ကျောက်ကပ်တစ်လုံးအားထိခိုက်ပျက်စီးမှုမရှိရန် သွေးကြောများ တတ်နိုင်သမျှ အကောင်းဆုံးအနေအထားဖြစ်ရန် အမြန်ဆုံးခွဲစိတ် ထုတ်ယူ၍ ထုတ်ယူထားသော ကျောက်ကပ်ကို လူနာထဲ အစားထိုးမထည့်မီ ကျောက်ကပ်ဆေးကြောသန့်စင်ရေဖြင့် ဆေးကြောသန့်စင်ခြင်း၊ ရေခဲအုပ်၊ ရေခဲစိမ်ခြင်းလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်၍ လူခန္ဓာကိုယ်အတွင်းသို့ အစားထိုးခွဲစိတ်ခြင်း လုပ်ငန်းကို တာဝန်ယူဆောင်ရွက်ရပြီး ဤသို့ အစားထိုးခွဲစိတ်ရာ၌ အလှူရှင်၏ ကျောက်ကပ်သွေးပြန်ကြော၊ သွေးလွှတ်ကြောများကို လူနာ၏ သွေးပြန်ကြော၊ သွေးလွှတ်ကြောများနှင့် မကျဉ်းလွန်း မကျယ်လွန်း ယိုစိမ့်ထွက်မှု မရှိစေရန်လည်းကောင်း၊ အလှူရှင် ကျောက်ကပ်၏ ဆီးပြွန်ကို လူနာ၏ ဆီးအိမ်အတွင်းဆက်၍ အစားထိုးရာ၌လည်း ဆီးပြွန်ခေါက်ခြင်း၊ ဆီးစိမ့်ထွက်ခြင်းများမရှိစေရန် အစားထိုးသော ကျောက်ကပ်သည် ရေရှည်အသက်ရှင်ရန် သေချာအောင် အထူးဂရုစိုက် ခွဲစိတ်ကြရသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အဖွဲ့သည် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီး ခွဲစိတ်ခန်းရှိ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်နေကြသော ပါမောက္ခများနှင့် အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံ၍ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုလုပ်ငန်း အောင်မြင်ခြင်းသည် မြန်မာနိုင်ငံ ဆေးပညာရှင်များနှင့် မြန်မာနိုင်ငံဆေးလောက၏ ကြီးမားသော အောင်မြင်မှုဖြစ်ပြီး မြန်မာဆေးပညာရှင်လောက၏ ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်သော မှတ်ကျောက်ဖြစ်၍ကျန်းမာရေးဝန်ကြီးဌာနအတွက်ဂုဏ်ယူဖွယ်ဆောင်ရွက်မှုဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာရှဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၂၀

ထိုင်းနိုင်ငံ နသမ်ဘူရီမြို့တွင် ဧပြီ ၂၂ ရက်မှ ၂၅ ရက်အထိကျင်းပမည့် အာရှဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်(ဧဒင်အုပ်စု ကုမ္ပဏီလီမိတက်)ခေါင်းဆောင်သည့် အုပ်ချုပ်သူ၊ နည်းပြ၊ လေ့လာသူ ၁၅ ဦး၊ အမျိုးသားအားကစားသမား ၂၀ ဦး၊ အမျိုးသမီးအားကစားသမား ၁၀ ဦး စုစုပေါင်း ၄၅ ဦးပါဝင်သည့် မြန်မာပိုက်ကျော်ခြင်းအဖွဲ့သည် ယနေ့ညနေ ၄ နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြသည်။

မြန်မာပိုက်ကျော်ခြင်းအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဦးချစ်ခိုင်၊ အမျိုးသားအသင်းအုပ်ချုပ်သူအဖြစ် ဦးခင်မောင်နီ(လယ်/ဆည်)၊ တွဲဖက်အုပ်ချုပ်သူအဖြစ် ဦးမိုးဆမ်းအောင်နှင့် ဗိုလ်ကြီးကျော်ဇင်မိုး၊ အမျိုးသားနည်းပြများအဖြစ် ဦးအောင်ကျော်မိုး(ပို့ဆောင်ရေး)နှင့် တပ်ကြပ်သန်းဇော်ဦး၊ အမျိုးသမီးအုပ်ချုပ်သူအဖြစ် ဒုရဲမှူးကြီး ကိုကိုအောင်၊ တွဲဖက်အုပ်ချုပ်သူအဖြစ် ဦးဖြိုးထောက်(မြို့တော်စည်ပင်)၊ နည်းပြအဖြစ် ရဲအရာခံသန်းလွင်တို့ ဆောင်ရွက်မည်ဖြစ်သည်။

အမျိုးသားပြိုင်ပွဲတွင် နောက်ခံ(နောက်ထိန်း)လူများအဖြစ် မြို့တော်စည်ပင်မှ လင်းလင်းလတ်၊ သန်းစိန်ထွေးနှင့် ဖြိုးဝေလွင်၊ အား/ကာသိပ္ပံမှ ရာဇာထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောင်ဟိန်း၊ ပို့ဆောင်ရေးမှ ဟန်စိုးထွန်းနှင့် ဇော်ဇော်ထက်၊ ဘယ်အတွင်းလူ(ပင့်ထောင်သူ)များအဖြစ် လယ်/ဆည်မှ ဥက္ကာစိုးနှင့် အောင်မျိုးစံမြင့်၊ မြို့တော်စည်ပင်မှ သိန်းဇော်မင်း၊ သစ်တောမှ ကျော်ဇေယျနှင့် ခိုင်မင်းစိုး၊ ညာအတွင်းလူ(ဖိုက်တာ)များအဖြစ် လယ်/ဆည်မှ မောင်မောင်၊ ဇော်ဇော်အောင်နှင့် စောတင်မိုး၊ သစ်တောမှ ကျော်မင်းစိုး၊ မြို့တော်စည်ပင်မှအောင်ချိုမြင့်နှင့် ကျော်ကျော်အောင်၊ ပို့ဆောင်ရေးမှ မြတ်သီဟထူး၊ ရထားမှ ဇော်လတ်တို့ပါဝင်ယှဉ်ပြိုင်ကြမည်။

အမျိုးသမီးပြိုင်ပွဲတွင် နောက်ခံ(နောက်ထိန်း)လူများအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စန်းစန်းဌေး(၂)နှင့် အိသဉ္ဇာ၊ ပို့ဆောင်ရေးမှ ကြူကြူသင်းနှင့် မြို့တော်စည်ပင်မှ ခင်နုနုဖြိုး၊ ဘယ်အတွင်းလူ(ပင့်ထောင်သူ)များအဖြစ် မြို့တော်စည်ပင်မှ မာမာဝင်းနှင့် နိုင်နိုင်ဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စန်းစန်းဌေး(၁)၊ ညာအတွင်းလူ(ဖိုက်တာ)များအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ခင်ချိုလတ်နှင့် ခင်အေးမော်၊ မြို့တော်စည်ပင်မှ မေလင်းဖြိုးတို့ပါဝင်ယှဉ်ပြိုင်ကြမည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာန ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ဆရာမများအား ၁၉၆၅ ခုနှစ် သတ္တဗေဒအဓိကဖြင့် စတင်သင်ယူခဲ့ကြသော တပည့်ဟောင်းများမှ အစပြု၍ ကျောင်းသား/သူဟောင်းများက ဒုတိယအကြိမ် ပူဇော်ကန်တော့ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စုံစုံညီညီ တက်ရောက် ကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲ

နေ့ရက် – ၂၅-၄-၂၀၀၄(တနင်္ဂနွေနေ့)
အချိန် – နံနက် (၉း၀၀)နာရီ
နေရာ – တက္ကသိုလ်များဓမ္မာရုံ (ရန်ကုန်တက္ကသိုလ်နယ်မြေ)။

မိတ်ဆုံညစာစားပွဲ

နေ့ရက် – ၂၅-၄-၂၀၀၄ (တနင်္ဂနွေနေ့)
အချိန် – ညနေ (၆း၀၀) နာရီ
နေရာ – မင်္ဂလာဥယျာဉ်ဟိုတယ်
အမှတ်(၃၀)၊ အင်းယားမြိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။

အာရှဖိတ်ခေါ် ပိုက်ကျော်ခြင်း ပါဝင်ယှဉ်ပြိုင်ရန် အဖွဲ့ခေါင်းဆောင် ဦးချစ်ခိုင်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ခေါင်းဆောင်)သည့် မြန်မာပိုက်ကျော်ခြင်းအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။ (မြန်မာ့အလင်း)

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)၊လားရှိုးမြို့ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင် လေလံတင်ရောင်းချရန်ကြော်ငြာ

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော နိုင်ငံတော်ပိုင်တံတားနှစ်စင်း၏ (၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၆-၂၀၀၇)ခုနှစ်အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း၊ သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချမည်ဖြစ်ပါသည်။

(က) လေလံတင်ရောင်းချမည့်တံတားများ
(၁) တာ့ကော်အက်တံတား(တန့်ယန်းမြို့နယ်)
(၂) မိုးတေတံတား(သီပေါမြို့နယ်)

(ခ) လေလံလျှောက်လွှာဝယ်ယူရရှိနိုင်သည့်နေရာ
ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ရုံး
ဖုန်း-၀၈၂-၂၃၁၈၁

(ဂ) လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ
ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ရုံး
ဖုန်း-၀၈၂-၂၃၁၈၁

(ဃ) လေလံလျှောက်လွှာစတင်ရောင်းချမည့်နေ့၊ အချိန်
၂၃-၄-၂၀၀၄(သောကြာနေ့) နံနက် (၁၀)နာရီ

(င) လေလံလျှောက်လွှာပိတ်မည့်နေ့၊ အချိန်
၂၆-၄-၂၀၀၄(တနင်္လာနေ့) ညနေ (၄)နာရီ

(စ) လေလံတင်ရောင်းချမည့်နေ့၊ အချိန်
၂၈-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် (၁၀)နာရီ

(ဆ) လေလံတင်ရောင်းချမည့်နေရာ
ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ရုံး

မှတ်ချက်။ လေလံဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူ၍ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

တံတားဖြတ်သန်းခလေလံရောင်းချရေးကော်မတီ။

ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် (၁၇)ကြိမ်မြောက်ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံတွင်လည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် (၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းအသက် (၁၃)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မေ ၅ ရက်မှ ၂၀ရက်အထိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)တွင်လည်းကောင်း၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် (၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် (၁၃)နှစ်အောက် မီနီဘော်လီဘောပြိုင်ပွဲကို မေ ၂၁ ရက်မှ ၂၇ ရက်အထိ နေ့စဉ်နံနက် ၈နာရီမှ စတင်၍ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံတွင် လည်းကောင်း အသီးသီးကျင်းပမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ ဧပြီလ ဂေါက်ရိုက်ပြိုင်ပွဲကို ဧပြီ ၂၅ရက် နံနက် ၆ နာရီခွဲတွင် တောင်ဥက္ကလာဂေါက်ကွင်း၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက် ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရောင်းမည်

ရွှေဘုံသာလမ်း(အောက်)၊ ၂၅ ပေ X ပေ ၆၀(ဒုထပ်)၊ ရေ၊ မီး(ရိုးရိုး၊ပါဝါ)၊ ဖုန်း။

(ပွဲစားမလို)

ဖုန်း-၂၀၀၅၂၂

ကလေးသူငယ်နား၊ မီးမထားရ

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ရပ်နားထား ချန်ပီယံဆုဆွတ်ခူးရန် ဘဏ္ဍာ/ အခွန်အသင်းလက်တစ်ကမ်းသာလို

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃–၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို မဟာသင်္ကြန်ကာလအတွင်း ရပ်နားထားပြီး ဧပြီ ၂၆ရက်တွင် ပြန်လည် ကျင်းပမည် ဖြစ်သည်။ အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ဧပြီ ၉ရက်ပွဲစဉ်များ အပြီးတွင်ရပ်နားခဲ့ခြင်းဖြစ်ရာ တပ်မတော်(ကြည်း)နှင့် လယ်/ဆည်အသင်းတို့က ၁၁ပွဲစီ ကစားထားပြီး ကျန်အသင်းများ ၁၂ပွဲစီ ကစားထားပြီး ဖြစ်သည်။ လက်ကျန်ပွဲစဉ်များ ရေးဆွဲထားမှုအရ ၂၀၀၃–၂၀၀၄ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲများ မေ ၁၂ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

ဧပြီ ၉ရက်ပွဲစဉ်များ အပြီးတွင် ဘဏ္ဍာ/အခွန်အသင်းက ၁၂ပွဲကစား မလိခအသင်းက ၁၂ပွဲကစား (၁၂) မှတ်၊ ပတ္တမြားနဂါးအသင်းက ၁၂ပွဲကစား(၁၀)မှတ်၊တံခွန်အသင်းက ၁၂ပွဲကစား (၉)မှတ်၊ လျှပ်စစ်စွမ်းအားအသင်းက ၁၂ပွဲကစား (၄)မှတ်၊သတ္တုတွင်း အသင်းက ၁၂ပွဲကစား (၄)မှတ် ရရှိထားကြသည်။

၂၀၀၃–၂၀၀၄ခုနှစ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်အသင်းဗိုလ်စွဲရန်အလားအလာ အကောင်းဆုံး ဖြစ်နေသကဲ့သို့ ပထမတန်းဆင်းရမည့်နှစ်သင်းမှာလည်း သေချာသလောက် ဖြစ်နေပေသည်။ လျှပ်စစ်စွမ်းအားနှင့်သတ္တုတွင်းတို့သည် (၄)မှတ်စီသာရရှိထားကြရာ အဆင့်မြင့်တန်း၌ ဆက်လက် ရပ်တည်ရန် အလားအလာ မကောင်းတော့ပေ။ ယခုနှစ် ဘောလုံးရာသီမှ အဆင့်မြင့်တန်းသို့ တက်ရောက်လာသော မလိခအသင်းမှာ (၁၂)မှတ် ရရှိထားရာ

> **သတင်းဆောင်းပါး – ကိုထွေး**
> ဓာတ်ပုံ–မြန်မာ့အလင်း

(မြို့တော်စည်ပင်)၊ မျိုးနိုင်(လယ်/ဆည်)၊ဇော်ဇော်(မလိခ)၊ စန်းမောင် (ကာကွယ်ရေး)၊ ဌေးအောင် (ကာကွယ်ရေး)၊ မောင်မောင်ဌေး (မြို့တော်စည်ပင်)၊ မျိုးမင်းထွန်း (စီးပွား/ကူးသန်း)၊ ထွေးမောင် (လယ်/ဆည်) နှင့် အောင်ထွန်းနိုင် (သစ်တောရေးရာ) တို့ ဖြစ်ကြသည်။

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်များ ခေတ္တရပ်နားထားချိန်တွင် ပွဲစဉ်ပေါင်း ၉၅ ပွဲ ယှဉ်ပြိုင်ကစားထားပြီး ဖြစ်သည်။ ယှဉ်ပြိုင်ကစားပြီးဖြစ်သည့် ၉၅ ပွဲတွင် စုစုပေါင်း ၃၁၁ ဂိုးသွင်းယူခဲ့ကြရာ တစ်ပွဲလျှင် ပျမ်းမျှ ၃ဒသမ၃ ဂိုးနှုန်း သွင်းယူနိုင်ခဲ့သည်ကို နေသူလိုင် (ပြည်ထဲရေး)၊ ဇော်ထိုက် (ဘဏ္ဍာ/အခွန်)နှင့် စိုးမြတ်မင်း (ဘဏ္ဍာ/အခွန်)တို့ ဖြစ်ကြသည်။

စုစုပေါင်းလေးဂိုးသွင်းထားကြသူများမှာ ကျော်မျိုးဟန်(စွမ်းအင်)၊ လာကျဲအိုလွယ် (ဆောက်လုပ်ရေး)၊ မာလ (စီးပွား/ကူးသန်း)၊ အောင်ဟိန်းလတ် (ဘဏ္ဍာ/အခွန်)၊ မျိုးမင်းထွန်း (စီးပွား/ကူးသန်း)၊ စည်သူဝင်း (ပြည်ထဲရေး)၊ ဇေမောင်မောင် (ဘဏ္ဍာ/အခွန်)၊သက်နိုင်ဦး (မြို့တော်စည်ပင်)၊ သက်နိုင်(ကာကွယ်ရေး)၊ တင်ထွေး တပ်မတော်(ကြည်း)နှင့် သန့်စင်ထွေးစန်း (ဆောက်လုပ်ရေး)တို့ ဖြစ်ကြသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံထံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဘောလုံးဆပ်ကော်မတီ နာယက မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က ဆုဖလားအပ်နှင်းစဉ်။ (မြန်မာ့အလင်း)

စုစုပေါင်း သုံးဂိုးသွင်းထားကြသူများမှာ အောင်ထွေးမောင် (မြို့တော်စည်ပင်)၊ အောင်ဇော်မျိုး (မြို့တော်စည်ပင်) အေးမင်းထွန်း (ဘဏ္ဍာ/အခွန်)၊ အောင်လင်းထွန်း (ဘဏ္ဍာ/အခွန်)၊ ကျော်သီဟ (တံခွန်)၊ မိုးကျော်သူ (ဘဏ္ဍာ/အခွန်)၊ ရန်ပိုင် (ဘဏ္ဍာ/အခွန်)၊ ရန်နောင်စိုး (ဘဏ္ဍာ/အခွန်)၊ ဇော်ဇော် (မြို့တော်စည်ပင်)၊ ဇော်ဇော် (မလိခ)၊ မင်းမင်းထွန်း တပ်မတော်(ကြည်း)၊ ဇာနည်မောင် (ပို့ဆောင်ရေး)နှင့် ကိုကိုနိုင် (သတ္တုတွင်း)တို့ ဖြစ်ကြသည်။

၂၀၀၃–၂၀၀၄ခုနှစ် ဘောလုံးရာသီအ ဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပြီးဆုံးရန် ပွဲစဉ်ပေါင်း ၂၅ပွဲသာ ကစားရန် ကျန်ရှိသည်။ အဆင့်မြင့်တန်းတွင် ၁၆သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ တစ်သင်းလျှင် ၁၅ပွဲစီ ယှဉ်ပြိုင်ကစားကြရသည်။ ဧပြီ ၂၆ရက် တပ်မတော်(ကြည်း)နှင့် လယ်/ဆည် ပွဲစဉ်ပြီးပါက တစ်သင်းလျှင် ၁၂ပွဲစီ ကစားပြီးဖြစ်ပေလိမ့်မည်။

လက်ရှိအနေအထားတွင် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် အသင်းပင် အမှတ်ပေးချန်ပီယံဆု ဆွတ်ခူးရန် အလားအလာ အကောင်းဆုံးဖြစ်နေသည်။ ဒုတိယနေရာကို စွမ်းအင်နှင့် စီးပွား/ကူးသန်းတို့ ယှဉ်ပြိုင်ရဖွယ်ရှိသည်။ ကာကွယ်ရေးအသင်းသည် ဧပြီ၃ရက် စွမ်းအင် အသင်းနှင့် မကစားမီအထိ ရှုံးပွဲမရှိ စံချိန်ကို ထိန်းထားနိုင်ခဲ့သည်။ သို့သော် ၁၅ရက်အတွင်း လေးပွဲဆက်တိုက်ကစားလိုက်ရသဖြင့် ပွဲပန်းသွားကာ စွမ်းအင်အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ဧပြီ၆ရက်က ယှဉ်ပြိုင်ကစားသည့်ကာကွယ်ရေးအသင်းနှင့်ဘဏ္ဍာ/အခွန်အသင်း ပွဲစဉ်တွင် ဘဏ္ဍာ/အခွန်အသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားရာ ချန်ပီယံအသင်းကို အဖြေထုတ်ပေးသကဲ့သို့ဖြစ်သွားသည်။ ကာကွယ်ရေးအသင်းသည် ဒုတိယနေရာ မျှော်မှန်းခွင့်ရှိနေဆဲ ဖြစ်သော်လည်း လက်ကျန်ပွဲအားလုံး အနိုင်ကစားရန်လိုအပ်သလိုစီးပွား/ကူးသန်းနှင့်စွမ်းအင်တို့၏ အနေအထားကိုပါ စောင့်ကြည့်ရမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

၂၀၀၂–၂၀၀၃ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ကွင်းဖွင့်၊ အမှတ်ပေး၊ ကွင်းပိတ်ပြိုင်ပွဲ သုံးရပ်စလုံးတွင် အနိုင်ရဗိုလ်စွဲခဲ့သော ဘဏ္ဍာ/အခွန် အသင်းသားများကို ကွင်းပိတ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားအပြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းနှင့် အတူတွေ့ရစဉ်။ (မြန်မာ့အလင်း)

(၃၃)မှတ်ဖြင့် အမှတ်အများဆုံးရရှိကာ ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ဘဏ္ဍာ/အခွန်အသင်းသည်လက်ကျန်ပွဲစဉ်များအဖြစ် ဧပြီ ၂၆ ရက်တွင် ပို့ဆောင်ရေး၊ ဧပြီ ၃၀ ရက်တွင် မြို့တော်စည်ပင်၊ မေ၇ရက်တွင် စီးပွား/ကူးသန်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းသည် လက်ကျန်သုံးပွဲအနက် ပို့ဆောင်ရေးအသင်းကို အနိုင်ရသည်နှင့် အမှတ်ပေးချန်ပီယံဆုဆွတ်ခူးရန် သေချာသလောက်ဖြစ်သွားပေလိမ့်မည်။

အဆင့်မြင့်တန်း အသင်းများ၏ နောက်ဆုံးရပ်တည်မှု အနေအထားကို ကြည့်ပါက စီးပွား/ကူးသန်းအသင်းက ၁၂ပွဲကစား (၂၇)မှတ်၊ စွမ်းအင်အသင်းက ၁၂ပွဲကစား (၂၇)မှတ်၊ ကာကွယ်ရေးအသင်းက ၁၂ပွဲကစား (၂၆)မှတ်၊ ပို့ဆောင်ရေးအသင်းက ၁၂ပွဲကစား (၂၆)မှတ်၊မြို့တော် စည်ပင်အသင်းက ၁၂ပွဲကစား (၂၃)မှတ်၊ ဆောက်လုပ်ရေးအသင်းက ၁၂ပွဲကစား(၁၈)မှတ်၊ သစ်တောရေးရာအသင်းက ၁၂ပွဲကစား (၁၅)မှတ်၊ ပြည်ထဲရေးအသင်းက ၁၂ပွဲကစား (၁၃)မှတ်၊တပ်မတော်(ကြည်း)အသင်းက ၁၁ပွဲကစား(၁၃)မှတ်၊ လယ်/ဆည်အသင်းက ၁၁ပွဲကစား(၁၂)မှတ်၊ အတန်းဆင်းဇုန်မှ လွတ်ကင်းသွားပြီဖြစ်သည်။ လာမည့် ဘောလုံးရာသီတွင် အဆင့်မြင့်တန်း၌ ပုဂ္ဂလိက ဘောလုံးအသင်းများဖြစ်သော မလိခ၊ တံခွန်နှင့်ကမ္ဘောဇတို့ကို တွေ့မြင်ရဖွယ်ရှိပေသည်။

ဧပြီ၉ရက် ပွဲစဉ်များအပြီးတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိထားသူ ၆၅ဦးရှိသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆု လေးကြိမ်စီဖြင့် ရရှိထားသူများမှာ တပ်မတော် (ကြည်း) အသင်းမှ အောင်ချမ်းမင်း၊စီးပွား/ကူးသန်းအသင်းမှ ဘိုဘိုအောင်နှင့် ပို့ဆောင်ရေးအသင်းမှ မြတ်မင်းဦးတို့ ဖြစ်ကြသည်။

ပွဲစဉ်အလိုက် အကောင်းဆုံးဆု သုံးကြိမ်စီရရှိထားကြသူများမှာ ထွန်းထွန်းဝင်း(ဘဏ္ဍာ/အခွန်)၊ အေးမင်းထွန်း(စွမ်းအင်)၊ မောင်မောင်အောင် (ကာကွယ်ရေး)နှင့် ကျော်မျိုးဟန် (စွမ်းအင်)တို့ ဖြစ်ကြသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆု နှစ်ကြိမ်စီ ရရှိထားကြသူများမှာ အောင်ဇော်မျိုး တွေ့ရသည်။ ဧပြီ ၉ ရက် ပွဲစဉ်များအပြီးတွင် မြို့တော်စည်ပင်အသင်းမှ မောင်မောင်ဌေးက စုစုပေါင်း၁၅ ဂိုးဖြင့် ဂိုးအများဆုံး သွင်းထားသည်။

စုစုပေါင်းကိုးဂိုးဖြင့် ဒုတိယ ဂိုးအများဆုံးသွင်းထားသူမှာ သစ်တောရေးရာ အသင်းမှ အောင်ထွန်းနိုင်ဖြစ်သည်။စုစုပေါင်းရှစ်ဂိုးဖြင့် တတိယ ဂိုးအများဆုံး သွင်းထားသူများမှာ မြတ်မင်းဦး (ပို့ဆောင်ရေး)၊ ထွန်းထွန်းဝင်း (ဘဏ္ဍာ/အခွန်)၊ မျိုးနိုင် (လယ်ဆည်)၊ နှင့် အောင်မိုးဦး (ကာကွယ်ရေး)တို့ ဖြစ်ကြသည်။

စုစုပေါင်းခုနစ်ဂိုး သွင်းထားသူများမှာ မျိုးလှိုင်ဝင်း(ဘဏ္ဍာ/အခွန်)၊ ထွန်းမင်းနိုင် (ကာကွယ်ရေး)နှင့် ဘိုဘိုအောင် (စီးပွား/ကူးသန်း)တို့ဖြစ်ကြသည်။

စုစုပေါင်းခြောက်ဂိုးသွင်းထားသူများမှာ နိုင်ဝင်း (စွမ်းအင်)၊ စည်သူမောင် (လယ်/ဆည်)နှင့် ဆန်ဒေးသိန်း (ဆောက်လုပ်ရေး)တို့ ဖြစ်ကြသည်။ စုစုပေါင်းငါးဂိုးသွင်းထားကြသူများမှာ

အဆင့်မြင့်တန်းအသင်းများ၏ ရပ်တည်မှုအနေအထား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁။	ဘဏ္ဍာ/အခွန်	၁၂	၁၁	၀	၁	၅၂	၇	၃၃
၂။	စီးပွား/ကူးသန်း	၁၂	၈	၃	၁	၂၈	၁၀	၂၇
၃။	စွမ်းအင်	၁၂	၈	၃	၁	၂၃	၁၁	၂၇
၄။	ကာကွယ်ရေး	၁၂	၈	၂	၂	၂၅	၁၄	၂၆
၅။	ပို့ဆောင်ရေး	၁၂	၈	၂	၂	၁၉	၁၀	၂၆
၆။	မြို့တော်စည်ပင်	၁၂	၇	၂	၃	၂၈	၁၇	၂၃
၇။	ဆောက်လုပ်ရေး	၁၂	၅	၃	၄	၁၈	၂၀	၁၈
၈။	သစ်တောရေးရာ	၁၂	၄	၂	၆	၁၆	၁၆	၁၅
၉။	ပြည်ထဲရေး	၁၂	၄	၁	၇	၁၃	၂၀	၁၃
၁၀။	တပ်မတော်(ကြည်း)	၁၁	၃	၄	၄	၁၂	၂၀	၁၃
၁၁။	လယ်/ဆည်	၁၁	၄	၀	၇	၂၃	၂၇	၁၂
၁၂။	မလိခ	၁၂	၃	၂	၇	၁၀	၂၆	၁၂
၁၃။	ပတ္တမြားနဂါး	၁၂	၃	၁	၈	၉	၂၃	၁၀
၁၄။	တံခွန်	၁၂	၂	၃	၇	၈	၁၇	၉
၁၅။	လျှပ်စစ်စွမ်းအား	၁၂	၁	၁	၁၀	၁၆	၃၅	၄
၁၆။	သတ္တုတွင်း	၁၂	၁	၁	၁၀	၉	၄၁	၄

မတ်၂၆ရက်က စည်ပင်သာယာရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့်အဖွဲ့ ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖောက်လုပ်သည့် စပါးတောင်ပတ်လမ်း ကျောက်ချောလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

ပဉ္စမအကြိမ် ပရိယတ္တိဓမ္မဗဇာမေးပွဲနှင့် အာဂုံစာပြန်ပွဲ အောင်လက်မှတ်နှင့်ဆုဆက်ကပ်

ပင်လောင်း ဧပြီ ၇

ပင်လောင်းမြို့နယ် လိန်းညားကျေးရွာအုပ်စု ထီဗေ့ကျောင်းတိုက် သာသနပါလအသင်းကကြီးမှူး၍ ပဉ္စမအကြိမ် ပရိယတ္တိဓမ္မဗဇာမေးပွဲနှင့် အာဂုံရွတ်စာပြန်ပွဲတော် အောင်လက်မှတ်ချီးမြှင့်ပွဲနှင့် ဆုဆက်ကပ်ပူဇော်ပွဲကို မတ် ၁ရက်က အဆိုပါ ကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး သံဃာတော်များထံမှ ငါးပါးသီလ ခံယူကြသည်။

လျှောက်ထား

မြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော်မှ ဩဝါဒချီးမြှင့်ပြီး မြို့နယ် သာသနာရေးဦးစီးမှူးက သာသနာရေးဆိုင်ရာ ကိစ္စများကို လျှောက်ထားသည်။

ပရိယတ္တိဓမ္မဗဇာမေးပွဲနှင့် စာပြန်ပွဲတော်ကို ဖေဖော်ဝါရီ ၂၀ရက်မှ ၂၉ရက်ထိ ကျင်းပပြီး စာအောင် သံဃာတော်များအား စာချ၊ စာသင် ပုဂ္ဂိုလ်ကြီးများက ဂုဏ်ထူးဆုနှင့် အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်ကြသည်။

အောင်မြင်

အဆိုပါ စာမေးပွဲနှင့် စာပြန်ပွဲတော်သို့ စာဖြေသံဃာတော် ၇၈ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ၅၃ပါး အောင်မြင်ကြောင်း သိရသည်။ **(၃၆၉)**

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ ကြိုတင်သရုပ်ပြလေ့ကျင့်မှုကို ဧပြီ ၃ ရက်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများနှင့် ဈေးသူဈေးသားများ ပူးပေါင်းသရုပ်ပြလေ့ကျင့်ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌဦးတင်ထွန်းနှင့် အမှုဆောင် အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်တို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ဒေသ သောက်သုံးရေဖူလုံရေး ဘင်ဂွကျေးရွာစက်ရေတွင်း ရေကုသိုလ်လှူပွဲကျင်းပ

ကျောက်ပန်းတောင်း ဧပြီ ၃

ကျောက်ပန်းတောင်းမြို့နယ်ရှိ နွေဦးပေါက် ရေရှားပါးသော ကျေးလက်ဒေသ ရေဖူလုံစွာသုံးစွဲနိုင်ရန် ရေကုသိုလ်ရှင် ရန်ကုန်မြို့နေ ကိုကျော်ဝင်းသိန်း(ခ) ကိုမော်စီထွန်းနှင့်မဌေးဌေးဦး(ခ)မချိုသူဇာလွင်မိသားစုက မွေးနေ့မင်္ဂလာနေ့ ရည်စူး၍ ရေကုသိုလ်အလှူပွဲအခမ်းအနားကို မတ် ၁၅ရက်က ဘင်ဂွကျေးရွာ အုပ်စု စက်ရေတွင်းတွင် ကျင်းပသည်။**(အောက်ပုံ)**

ရေအလှူပေးဝေရာသို့ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာအသင်းစည်းရုံးရေးမှူးများနှင့် အသင်းဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြပြီး ကျေးရွာဥက္ကဋ္ဌ ဦးလေးမောင်က ကျေးရွာအုပ်စု လူထုကိုယ်စား ဝမ်းမြောက်ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ရေကုသိုလ်အလှူရှင်များက သုံးရက်တိုင် စက်ရေတွင်း စက်သုံးဆီများထည့်၍ ရေကုသိုလ်ပြုရာ ရေဂါလန်ပေါင်း ၃၆၀၀၀ ပေးဝေ လှူဒါန်းကြောင်း သိရသည်။ **(ဝ၆၁)**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပညာပေးဟောပြော

မော်လိုက် ဧပြီ ၅

မော်လိုက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၈ရက်က မော်လိုက်မြို့နယ် တပ်ကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မော်လိုက်မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းက ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် မြို့နယ်စိုက်ပျိုးရေး မန်နေဂျာဦးတင်ဦးကြိုင်က စပါးနှင့် အခြားသီးနှံ ၁၀ မျိုး အထွက်တိုးရေးအတွက် ပန်းတိုင်ရည်မှန်းချက်နည်းလမ်း ငါးသွယ်နှင့်အညီ ဆောင်ရွက်သွားရေးတို့ကို ပညာပေးဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

မန္တလေး မတ် ၂၂

မန္တလေးအောင်မြေသာစံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး ဟောပြောပွဲကို မတ်၃ရက်က အောင်ရာဇာခန်းမတွင် ပြုလုပ်သည်။

ရှေးဦးစွာ သဘာပတိကျောင်းအုပ်ဆရာကြီး ဦးတင်စိုးကအမှာစကား ပြောကြားသည်။

ရှင်းလင်းဟောပြော

ထို့နောက် မန္တလေးတိုင်း ယာဉ်ထိန်းတပ်ခွဲမှ ရဲအုပ်သောင်းမြင့်က ကျောင်းသားများ လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်းကို ပန်းချီပုံများနှင့်တကွ ရှင်းလင်းဟောပြောသည်။

ထို့နောက်တက်ရောက်လာသော ကျောင်းသားများ၏ မရှင်းလင်းသည့် အချက်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းကြောင်း သိရသည်။ **(၁၆၂)**

မီးဘေးကြိုတင် ကာကွယ်ရေးသရုပ်ပြ

သာပေါင်း ဧပြီ ၉

ဧရာဝတီတိုင်း သာပေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲကို ဧပြီ၈ရက်က သာပေါင်းမြို့နယ် သီရိရွှေသာဈေးကြီးတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသောင်း၊ မြို့နယ်ဒုရဲမှူးခင်ဇော်၊ မြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးနှင့် မြို့နယ်အရန်မီးသတ် တပ်ဖွဲ့ဝင်များ ဈေးသူ၊ ဈေးသားများက မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြကြသည်။ **(မြို့နယ်ပြန်/ဆက်)**

မြန်မာ့အသံ

၂၂-၄-၂၀၀၄
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ် တရားတော်

နေ့လယ်ပိုင်း

၁၁း၁၅	စိုက်ပျိုးစွမ်းအားပြည့်ထွန်းကား (ကုန်းမြင့်ယာမြေဖော်ထုတ်ရေး)
၁၁း၃၅	စာအုပ်စာပေလူ့မိတ်ဆွေ (၁)နို့တစ်လုံးဖိုးကျေပါတယ် (အရှင်ဆန္ဒာဓိက-ရွှေပါရမီတောရ) (၂)ငါးဆယ်ကျော်ကျန်းမာရေး (ကျိုက်လတ်-မိုးမြင့်)
၁၂း၀၀	သိပ္ပံပညာသိကောင်းစရာ (ကျန်းမာရေးနေ့ ဆောင်ပုဒ်များ အကြောင်း) (မောင်ဆုရှင်)
၁၂း၃၀	အစာနှင့် အာဟာရ (သစ်သီးစုံဖျော်ရည်)

ညနေပိုင်း

၁၆း၃၀	နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇း၀၀	တပ်မတော်စာတိုက်
၁၇း၁၅	သုတရေးရာဖြေကြားလွှာ
၁၉း၁၅	ဇာတ်လမ်းပမာ (အဖေ့သားဘုရားဒါယကာ)
၁၉း၄၀	နှောင်းတေးထံတျာ

လယ်ပြင်-သီဘာ ဘုန်းတော်ကြီးကျောင်း နှစ်ထပ်တိုက်ကျောင်းဆောက်လုပ်ရန် ပန္နက်တင်

အင်းတော် ဧပြီ ၂

အင်းတော်မြို့နယ် လယ်ပြင်အုပ်စု လယ်ပြင်-သီဘာဘုန်းတော်ကြီးကျောင်းတိုက် အသစ်ဆောက်လုပ်လှူဒါန်းမည့် နှစ်ထပ် အုတ်တိုက်ကျောင်းတော်ကြီး ဆောက်လုပ်ရေး ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို မတ် ၂ရက်က ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အင်းတော်မြို့ မြို့မ ပရိယတ္တိ စာသင်တိုက်ဆရာတော် ဦးကုန္ဒာသီရိ၊ ဒုတိယဥက္ကဋ္ဌ လယ်ပြင်-သီဘာ ကျောင်းတိုက် ဆရာတော် ဦးပညာသာမိ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူ ကြပြီး မြို့နယ်အတွင်းရေးမှူးဦးစိန်သောင်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ကျောင်းဥပတ္ထမ္ဘကအဖွဲ့နှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

သဒ္ဓါကြည်လင်ပါရမီရှင်များသည် ကျောင်းတော်သစ်ကြီးဆောက်လုပ်ရန် ပါဝင်လှူဒါန်းလိုလျှင် လယ်ပြင်-သီဘာ ကျောင်းဂေါပကအဖွဲ့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၃၃)**

သရုပ်ပြလေ့ကျင့်

ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိရာ ဧပြီ ၅ ရက်က အမှုဆောင်အရာရှိ ဦးကြည်စိုး ဦးဆောင်၍ ပေါက်ခေါင်းမြို့မဈေးကြီးအတွင်းရှိ အဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်မီးသတ်)

နွေစပါးစိုက်ပျိုးရေး ညှိနှိုင်းဆွေးနွေး

မကွေး ဧပြီ ၁၆

မကွေးတိုင်း ရေစကြိုမြို့ မြို့နယ် အသင်းခန်းမဆောင်တွင် မတ် ၁၀ ရက်က ရေစကြိုမြို့မ မြို့နယ် (၈၉) အုပ်စုမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပသည်။

အခမ်းအနားတွင်ရေစကြိုမြို့မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်စိုးက စိုက်၍ ရသည့် မြေကွက်လပ်မကျန် နွေစပါးများအပြည့်အဝစိုက်ပျိုးကြရန် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြကြောင်း သိရသည်။ **(၂၅၁)**

သီပေါ ဂေါဒန်ကျောက်သတ္တုတွင်း ပုလဲရတုကျင်းပ

သီပေါ ဧပြီ ၈

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါ ဂေါဒန်ကျောက်သတ္တုတွင်း၏ နှစ်(၃၀)ပြည့် ပုလဲရတု မင်္ဂလာအခမ်းအနားကို ဧပြီ ၃ရက် နံနက် ၉နာရီက ဂေါဒန် ကျောက်သတ္တုတွင်း မင်္ဂလာမဏ္ဍပ်၌ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၃)သတ္တုတွင်း လုပ်ငန်းအမှတ်(၁) သံနှင့်သံမဏိ စက်ရုံမှ အထွေထွေမန်နေဂျာ ဦးစောမိုးမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ သီပေါ ဂေါဒန်ကျောက် သတ္တုတွင်း လက်ထောက်အထွေထွေ မန်နေဂျာ ဦးစစ်သိမ်းက နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာ ကျင်းပရခြင်းကို ပြောကြားပြီး သီပေါမြို့နယ် ဥက္ကဋ္ဌ ဦးမျိုးအောင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ချီးမြှင့်

အစီအစဉ်အရ သီပေါ ဂေါဒန် ကျောက်သတ္တုတွင်းတွင် လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသော လုပ်သက် ၂၅နှစ်နှင့်အထက်ဝန်ထမ်း များ သတ္တုတွင်း စတင်ချိန်မှစ၍ တာဝန် ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဝန်ထမ်းများအား အမှတ် (၁)သံနှင့်သံမဏိစက်ရုံမှ အထွေထွေ မန်နေဂျာ ဦးစောမိုးမြင့်၊ သီပေါဂေါဒန် ကျောက်သတ္တုတွင်း လက်ထောက် အထွေထွေမန်နေဂျာ ဦးစစ်သိမ်းနှင့် သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်တို့က ဝန်ထမ်းတစ်ဦးချင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

ထို့နောက် သီပေါဂေါဒန်ကျောက် သတ္တုတွင်း စတင်သည့် ၁၉၇၄ ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ နှစ်(၃၀)ပြည့် "ပုလဲရတု မှတ်တမ်းဓာတ်ပုံများပြပွဲ" ကို အထွေထွေမန်နေဂျာ ဦးစောမိုးမြင့်က စက်ခလုတ်နှိပ် ဖွင့်လှစ်ကြသည်။

(၁၀၆)

တီဘီရောဂါကာကွယ်နှိမ်နင်းရေး

(က) ရောဂါဖြစ်ပွားကူးစက်ပုံ

- ဤရောဂါသည် တီဘီပိုးကြောင့်ဖြစ်သော ကူးစက်ရောဂါဖြစ်သည်။
- ဝေဒနာရှင် ချောင်းဆိုးခြင်း၊ နှာချေခြင်း သလိပ်တံတွေးမှတစ်ဆင့် ရောဂါပိုးများလေထဲတွင် ပျံ့နှံ့၍ ကူးစက်သည်။
- အသက်အရွယ်မရွေး လူတိုင်းတွင် ဖြစ်ပွားနိုင်သည်။
- အဆုတ်တွင်အများဆုံးဖြစ်ပွားပြီး၊ ကိုယ်ခန္ဓာအနှံ့အပြားတွင်လည်း ဖြစ်နိုင်သည်။
- ဆီးချိုရောဂါ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် အာဟာရချို့တဲ့မှု ရှိသူများတွင် အဖြစ်များသည်။

(ခ) ရောဂါလက္ခဏာများ

- ရက်ရှည်ချောင်းဆိုးခြင်း (ရက်သတ္တပတ် ၃ပတ်နှင့်အထက်)။
- ချောင်းဆိုးသွေးပါခြင်း။
- သလိပ်တွင် သွေးပါခြင်း။
- အဖျားတာရှည်ခြင်း။
- ခံတွင်းပျက်ခြင်း၊ မောပန်းလွယ်ခြင်း။
- ကိုယ်အလေးချိန်လျော့နည်းပြီး ပိန်ချုံးလာခြင်း။
- ကျောရင် အောင့်ခြင်း။

(ဂ) ကြိုတင်ကာကွယ်ခြင်း

- ရင်သွေးငယ်များအား ကာကွယ်ဆေး (ဘီစီဂျီ)ကို မပျက်မကွက်ထိုးပေးပါ။
- အာဟာရပြည့်ဝသော အစားအစာများကို စားသုံးပါ။
- သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ။
- ချောင်းဆိုး၊ နှာချေလျှင် လက်ကိုင်ပဝါကို အသုံးပြုပါ။
- သလိပ်နှင့် တံတွေးကို စည်းကမ်းမဲ့ထွေးခြင်းမှ ရှောင်ကြဉ်ပါ။
- ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဃ) ကုသမှုခံယူခြင်း

- **"တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု"** နည်းဖြင့် ရောဂါပျောက်ကင်းသည်အထိ ကုသမှုခံယူပါ။
- ကုသမှုခံယူခြင်းသည် အခြားသူများသို့ ကူးစက်စေခြင်းမှအကောင်းဆုံး ကာကွယ်ခြင်းဖြစ်သည်။

တီဘီရောဂါ သံသယရှိလျှင် နီးစပ်ရာကျန်းမာရေးဌာနတွင် စစ်ဆေး၍ တီဘီရောဂါရှိပါက အစွမ်းထက်သော တီဘီဆေးဝါးများဖြင့် အခမဲ့ကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးစောင့်ရှောက်မှု ဆင့်ပွားသင်တန်းဖွင့်

ဘုတ်ပြင်း မတ် ၁၇

မြို့နယ် ကျန်းမာရေးဦးစီးဌာန (သွားနှင့်ခံတွင်းဌာနစိတ်)မှ ဖွင့်လှစ်သော ကျေးလက်ပြည်သူများ ပဏာမ (သွားနှင့်ခံတွင်း) ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်၊ မြို့နယ်အဆင့်၊ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဘုတ်ပြင်းမြို့ ပြည်သူ့ဆေးရုံ တိုးချဲ့ဆောင်ခန်းမတွင် ဖေဖော်ဝါရီ ၁၆ရက်က ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်ဥက္ကဋ္ဌဦးသိန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး (သွားနှင့်ခံတွင်းဌာနစိတ်)မှ ဒုတိယ ညွှန်ကြားရေးမှူး၊ ဒေါက်တာကျော်ညွန့်၊ မြို့နယ်ဆရာဝန် ဒေါက်တာကိုလေးယု တို့က ဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောင်းသားအားကစားပွဲ ကောလင်းမြို့နယ်၌ကျင်းပ

ကောလင်း မတ် ၁

ကောလင်းမြို့နယ် ပဒုမ္မာအုပ်စု ပဒုမ္မာကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ကျောင်းသားအားကစားပွဲတော်ကို ဖေဖော်ဝါရီ ၁၆ရက်က အဆိုပါ ကျောင်းဝင်း မြက်ခင်းပြင်တွင် ကျင်းပသည်။

အဆိုပါ ကျောင်းသားအားကစားပွဲတော်တွင် ပြေးခုန်ပစ်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ဘောလုံး၊ တာတို၊ တာရှည် ပြေးပြိုင်ပွဲနှင့်ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲတို့ကို ကျင်းပပြီး ဆုရသူများအား ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျေးရွာဥက္ကဋ္ဌများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

(၀၂၆)

မီးချိတ်မီးကပ်ထားရှိမှု စစ်ဆေး

ညောင်ရွှေ မတ် ၂

ညောင်ရွှေမြို့နယ် မီးသတ်ဦးစီး ဌာနကကြီးမှူး၍ မြို့နယ်မီးသတ်တပ် ဖွဲ့ဝင် များသည် ဖေဖော်ဝါရီ ၂၅ ရက်က မြို့မ(၈)ရပ်ကွက်၌ နေ့ရာသီ ဖြစ်၍ မီးချိတ်၊ မီးကပ်၊ ရေမှုတ်၊ ရေအိတ်နှင့် သဲအိတ်များထားရှိခြင်း ရှိမရှိ ကွင်းဆင်းလှည့်လည် စစ်ဆေး ကြသည်။

(၀၂၇)

မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ မတ် ၁၁ရက်က မြို့နယ်ရုံးဝင်းအတွင်းရှိ ပျိုးဥယျာဉ်၌ ပျိုးပင်ပေါင်း ၉၀၀၀ကျော်ကို ပျိုးထောင်စိုက်ပျိုးရာ မြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးစိုးမြင့်မောင်တို့က ကြီးကြပ်ကြည့်ရှုကြစဉ်။ (၄၁၉)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီး ဌာနတို့ ပူးပေါင်း၍ မီးဘေး ကြိုတင် ကာကွယ်ရေးအတွက် လက်တွေ့သရုပ်ပြပွဲကို မတ် ၂၉ရက်က ဝမ်းတွင်းဈေးတွင် ပြုလုပ်ရာ ဝန်ထမ်းများနှင့် မီးသတ် တပ်ဖွဲ့ဝင်များက လက်တွေ့ မီးငြိမ်းသတ်နည်း လက်တွေ့ သရုပ်ပြကြစဉ်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ရေစကြိုမြို့နယ် ဇာတိဂုဏ်စာကြည့်တိုက်ဖွင့်လှစ်ရေး စာအုပ်နှင့် အလှူငွေပေးအပ်ပွဲကျင်းပ

ရေစကြို မတ် ၄

ရေစကြိုမြို့နယ် ဖူလုံကျေးရွာ ဇာတိဂုဏ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေး၊ စာအုပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ဖူလုံကျေးရွာ ရွာလယ်မွှော်ရုံ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် ရေစကြိုမြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်စိုးက အဖွင့် အမှာစကား ပြောကြားပြီး ရေစကြို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးတင် အောင်ခိုင်က ကျေးလက်နေ ပြည်သူ များ အသိပညာကြွယ်ဝစေရေးနှင့် ကျေးရွာတိုင်း စာကြည့်တိုက်များ ဖွင့်လှစ်၍ ရေရှည်တည်တံ့ခိုင်မြဲ စေရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေး ပြောကြားကြပြီး ရေစကြို မြို့နယ် စာပေနှင့်စာနယ်ဇင်း အတွင်း ရေးမှူး ဦးမျိုးမြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြသိန်းတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ဆက်လက်၍ အလှူရှင်ဖြစ်သူ ပခုက္ကူဦးအုံးဖေ စာပေဆုကဗျာပေါင်း ချုပ် ပထမဆုရ စာရေးဆရာကောင်းညွန့် ဝေ(ရေစကြို)၊ ဒေါ်နန်းနု မိသားစု တို့က ပထမအကြိမ်အဖြစ် ကျပ် တစ်သိန်းနှင့် ငွေကျပ် နှစ်သိန်းခန့် တန်ဖိုးရှိ သုတရသ စာအုပ်မျိုးစုံ ၃၀၀ ကို စာကြည့်တိုက် ဖြစ်မြောက် ရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌဦးချစ်ဆွေ ထံ ပေးအပ်လှူဒါန်းကြသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များဖွင့်လှစ်ရေး ညှိနှိုင်းဆွေးနွေး

စလင်း ဧပြီ ၅

စလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက် ဓာတ်ပုံပြပွဲ နှင့် ဟောပြောပွဲများကို မတ် ၃ ရက်က လင်းဇင်းကျေးရွာအုပ်စု ရှမ်းစု ကျေးရွာ၊ ဘူးခါးကျေးရွာ၊ တညောင် တိုက်နယ်တပ်ကုန်းကျေးရွာ၊ လေသာ ကုန်းကျေးရွာ၊ မြေနုကျေးရွာ၊ ကံကြီး ကျေးရွာနှင့် တောင်ဖီလာကျေးရွာ တို့တွင် ခရိုင် အသင်းအမှုဆောင် ဦးကျော်ဝင်းကြည်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးသစ်လွင်ခိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးမှူး ဦးမြင့်မောင်တို့က ဒေသဖွံ့ဖြိုးရေး၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရေးတို့ကို ဆွေးနွေး ညှိနှိုင်း ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

(၂၇)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဗိုလ်မှူးကြီးစံအေးလှနှင့်ချစ်မေမေ ဒေါ်ခင်မာဝင်းချစ်တို့၏ ၂၁-၄-၂၀၀၄ ရက်တွင် ကျရောက်သည့် (၂၇) နှစ်မြောက်မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ချစ်သားသမီးများနှင့်အတူ ဘဝခရီးကိုကြည်နူးချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေ။

ချစ်သမီးကြီး – မေပွင့်စံ B.A (H.E) Director (Yadanamon Construction Co.,Ltd.)

ချစ်သား – ချစ်မင်းစံ Final Year B.Sc. Engineering (EC)

ချစ်သမီးငယ် – စုနွယ်စံ Final Year (Institute of Pharmacy)

(30 April, 13, 27 May)

(1 May)

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား မူပိုင်ဖြစ်ကြောင်း သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၂လမ်း၊ အမှတ် (၈၅)နေ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးစိုင်းအောင်စိုး၊ ၁၂/လမတ(နိုင်) ၀၂၇၆၈၅သည် အောက်တွင်ဖော်ပြထားသော Lionကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မှတ်ပုံတင်စာချုပ်အမှတ် ၁၉၆၉/၂၀၀၄ဖြင့် မိမိတစ်ဦးတည်း မူပိုင်အဖြစ် တရားဝင်သုံးစွဲအသုံးပြုရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် "ခြင်ဆေးခွေ၊ ခြင်ဆေးဘူး၊ ခြင်ဆေးတိုင်၊ ခြင်နိုင်ဆေးပြား၊ ခြင်နိုင်ဆေးရည်၊ ခြင်နိုင်ဆေးခဲ၊ ခြင်နိုင်လိမ်းဆေး အစရှိ သော ခြင်နိုင်ဆေးမျိုးမျိုးနှင့် အလှကုန်ပစ္စည်း အမျိုးမျိုးတို့ကို ထုတ်လုပ်သွားမည်ဖြစ်ပြီး အဆိုပါ ပစ္စည်းအမျိုးမျိုးကို ထည့်သွင်း အသုံးပြုသော ပုလင်း၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူအိတ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်း ပစ္စည်း၊ ထုပ်ပိုးပစ္စည်းအစရှိသည်တို့အပေါ်တွင်လည်းကောင်း၊ အဆိုပါ ကုန်ပစ္စည်းများအပေါ်တွင်လည်းကောင်း၊ အထက်ပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။

ထို့ပြင် အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ လက်ကမ်းကြော်ငြာစသည့် ကြော်ငြာ အမျိုးမျိုး၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး အစရှိသည်တို့တွင်လည်း ဦးစိုင်း အောင်စိုးက တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးစိုင်းအောင်စိုး တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်ထားသော အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မည်သူမဆို တစ်စိတ် တစ်ဒေသကိုလည်းကောင်း၊ အားလုံးကိုလည်းကောင်း၊ ပုံတူကူး၍ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှား ဆင်တူယိုးမှားတုပပြုလုပ်သုံးစွဲသည်ကို တွေ့မြင်ကြားသိရပါက တရားမကြောင်းအရလည်းကောင်း၊ ပြစ်မှုကြောင်းအရ လည်းကောင်း၊ တရားစွဲဆို အရေးယူခံရမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးတင်ယု
(ဦးစိုင်းအောင်စိုး၏ တရားရုံးချုပ်ရှေ့နေ)
အမှတ် (၂၉)၊ လေး–လွှာ၊ (၃၅)လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

သူနာပြုတက္ကသိုလ် ရန်ကုန်
နဝမအကြိမ် ဘွဲ့နှင်းသဘင်လျှောက်လွှာ ခေါ်ယူခြင်း

၂၀၀၂–၂၀၀၃ပညာသင်နှစ် ၂၀၀၃ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ကျင်းပပြုလုပ်ခဲ့သော သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်) ၁၁/၂၀၀၂ သင်တန်းဘွဲ့ရစာမေးပွဲအောင်မြင်သူများ၊ ၂၀၀၃ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သော သူနာပြုသိပ္ပံ(ပေါင်းကူး)သင်တန်းဘွဲ့ရစာမေးပွဲအောင်မြင်သူများ၊ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပပြုလုပ်ခဲ့သည့် သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) ၅/၂၀၀၃ခုနှစ် သင်တန်းဘွဲ့ရစာမေးပွဲအောင်မြင်သူများ၊ ပထမအကြိမ် သူနာပြုမဟာသိပ္ပံနှင့် အထူးပြု သူနာပြုဒီပလိုမာ အောင်မြင်သူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

ကျင်းပပြုလုပ်မည့်နေ့ရက်	– ၂၂–၅–၂၀၀၄(စနေနေ့)
ကျင်းပပြုလုပ်မည့်နေရာ	– ရန်ကုန်တက္ကသိုလ်၊ (ဘွဲ့နှင်းသဘင်ခန်းမ)
ကျင်းပမည့်အချိန်	– နံနက်(၉း၀၀)နာရီ
ဘွဲ့နှင်းသဘင်ကြေး	– ၁၅၀၀/– (ကျပ်တစ်ထောင့်ငါးရာတိတိ)နှင့် ပတ်(စ်)ပို့ဓာတ်ပုံ (၂"x ၁½")အရွယ် နှစ်ပုံ (လျှောက်လွှာနှင့်အတူပေးသွင်းရန်)
အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး	– ၁၀၀၀/– (ကျပ်တစ်ထောင်တိတိ)
အစမ်းလေ့ကျင့်မည့်နေ့ရက်	– ၂၁–၅–၂၀၀၄(သောကြာနေ့)
အစမ်းလေ့ကျင့်မည့်အချိန်	– နံနက် (၉း၀၀)နာရီ
လျှောက်လွှာပိတ်မည့်ရက်	– ၄–၅–၂၀၀၄

မှတ်ချက်။ ။ဘွဲ့ဝတ်စုံငှားရမ်းခွင့်လျှောက်လွှာ များကို (၁၇–၅–၂၀၀၄)ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပါသည်။ အသေးစိတ် အချက်အလက်များ ကို ဤတက္ကသိုလ်စာမေးပွဲရေးရာ ဌာနစိတ်တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

CRANE

တိုက်ခန်းအမြန်ရောင်းမည်
အမှတ်၁၅၀(ပထမထပ်)
၃၇လမ်း(အလယ်လမ်း)
စုံစမ်းရန် ဖုန်း–၅၁၀၉၂၀
(နံနက်၈နာရီမှ
ည၇း၀၀နာရီအတွင်း)

[illegible]

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဘားအံမြို့ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင် လေလံတင်ရောင်းချရန် ကြော်ငြာ

ကရင်ပြည်နယ်အတွင်းရှိ လက်ရှိတံတား အသုံးပြုခကောက်ခံနေသော နိုင်ငံတော်ပိုင် တံတားသုံးစင်း၏ ၂၀၀၄–၂၀၀၅ခုနှစ်မှ ၂၀၀၆–၂၀၀၇ခုနှစ်အထိ တံတားအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါ အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) **လေလံတင်ရောင်းချမည့်တံတားများ**
(၁) သံလွင်တံတား (ဘားအံ)
(၂) ဂျိုင်း (ကော့ကရိတ်တံတား)
(၃) ဒုံသမိတံတား (ဘားအံ)

(ခ) **လေလံလျှောက်လွှာဝယ်ယူရရှိနိုင်သည့်နေရာ**
ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဖုန်း–၂၁၁၈၂၊ ၂၁၀၈၃

(ဂ) **လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ**
ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

(ဃ) **လေလံလျှောက်လွှာစတင်ရောင်းချမည့် နေ့၊ အချိန်**
၁၉–၄–၂၀၀၄ (တနင်္လာနေ့) နံနက် ၁၀ နာရီ

(င) **လေလံလျှောက်လွှာပိတ်မည် နေ့၊ အချိန်**
၂၆–၄–၂၀၀၄ (တနင်္လာနေ့) ညနေ ၄ နာရီ

(စ) **လေလံတင်ရောင်းချမည့် ရက်၊ အချိန်**
၂၇–၄–၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၀ နာရီ

(ဆ) **လေလံတင်ရောင်းချမည့်နေရာ**
ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဘားအံမြို့

မှတ်ချက်။ ။လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူ၍ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ကရင်ပြည်နယ် တံတားများအသုံးပြုခွင့်လိုင်စင် လေလံတင်ရောင်းချရေးကြီးကြပ်အဖွဲ့၊ ဘားအံမြို့။

လူပျောက်ကြော်ငြာ

ဦးဖေဝင်း–ဒေါ်ချိုချို တို့၏ မွေးစားသမီးဖြစ်သူ မစုစု၊ အရပ် ၄ပေခန့်၊ အသားဖြူ၊ ကတုံးဆံတောက်သည် ၅–၄–၂၀၀၄ ရက်တွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်ပို့ဆောင်အကြောင်းကြားသူအားကျေးဇူးဆပ်ပါမည်။ သွေးဆောင်ဖြားယောင်း၍ လက်ခံထားသူများအား တည်ဆဲဥပဒေအရ တရားစွဲဆိုအရေးယူခံရမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း–၂၉၉၆၅၁

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အောင်လံမြို့ဇေယျာဝတီရပ်ကွက် ၁၀လမ်း၊ တိုက်အမှတ် ၄၁နေ အဖ ဦးတင်သန်း(ခ) ဦးငွေးလွင် ၈/မထန(နိုင်)၀၁၁၁၇၄၊ အမိ ဒေါ်တင်တင်လေး(ခ)ဒေါ်စာပေါ ၈/အလန(ဧည့်) ၀၀၀၁၀၁တို့၏ သားဖြစ်သူ မောင်စိုးလွင်ဦး ၈/အလန(နိုင်) ၁၂၁၃၄သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုများကို အကြိမ်ကြိမ် လိုက်နာမှုမရှိဘဲ ၎င်း၏သဘောဖြင့် ၎င်း ပြုလုပ်သွားပါသဖြင့် ၁၇–၄–၂၀၀၄ရက်မှစ၍ အမွေစား အမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ မောင်စိုးလွင်ဦးနှင့် ပတ်သက်သော ကိစ္စ အဝဝကို တာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မိဘများ
ဦးတင်သန်း(ခ) ဦးငွေးလွင်
ဒေါ်တင်တင်လေး(ခ)ဒေါ်စာပေါ

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၂၂
ဧရာဝတီတိုင်း တရားမရုံးတော်၌
၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၂၂ နှင့် ဆက်သွယ်သည့်
၂၀၀၂ ခုနှစ် တရားမဇာရီမှုအမှတ် ၉

အာရှနေဘဏ်လီမိတက် နှင့် ဦးမောင်မောင်အေး
ပုသိမ်ဘဏ်ခွဲ
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဦးမောင်မောင်အေး အမှတ် ၃၇၃၊ ဇေယျာသိဒ္ဓိဆန်စက် ပါရမီဒေါင့်ကျေးရွာ အိမ်မဲ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၂၂ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည် ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်း တစ်ခုခု ရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၄ ခုနှစ် ဧပြီလ ၂၈ ရက် (၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၁၀ ရက်)နေ့ မွန်းမတည့်မီ ၁၁ နာရီ အချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၀၄ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

ခင်မျိုးညွှန့်
တွဲဖက်တိုင်းတရားသူကြီး
ဧရာဝတီတိုင်းတရားရုံး
ပုသိမ်မြို့။

ငှားမည်
Junction 8 ကိုးလွှာငှားမည်။
ကားငှားရန်
ခရီးစဉ်မျိုးစုံအတွက်
Air Con Mini Bus နှင့်
Saloon မျိုးစုံ
နှစ်ချုပ်၊လချုပ်ငှားရန်ရှိသည်။
အကျိုးတူပူးပေါင်းလိုသော
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။
ဖုန်း– ၅၂၄၆၈၆၊ ၀၉–၈၀–၂၄၀၄၄

ဦးအောင်ခင်
အသက်(၈၁)နှစ်

မန္တလေးမြို့ မြောက်ပြင်သပိတ်တန်းရပ် အိမ်အမှတ် ၁၈၄နေ ဒေါ်စိမ့်၏ ခင်ပွန်း၊ ဦးတင်လှိုင်–ဒေါ်သန်းဆွေ (AE မြို့ပြ၊ မန္တလေးတိုင်း လျှပ်စစ်ရုံး) တို့၏ဖခင်၊ ဦးသန့်လှိုင်ဦး(နည်းပြ၊ ဂီတယဉ်ကျေးမှု တက္ကသိုလ်၊ မန္တလေး)၊ မခင်ဆွေလှိုင်၊ မတင်တင်နွယ်တို့၏အဘိုး၊ ဦးမြင့်ဆွေ–ဒေါ်သန်းရီ၊ ဒေါ်အမာဆွေ၊ ဦးမျိုးဝင်း–ဒေါ်ကြည်ကြည်ဆွေ၊ ဦးကိုကိုနိုင်–ဒေါ်ရီရီစုလှိုင်တို့၏ ဦးကြီးသည် ၁၁–၄–၂၀၀၄ရက်ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂–၄–၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ကြာနီကန်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

Junior Management & Office Staff (၁၅၀၀၀/-)

Fax, Email

Sales & Marketing Course (၀၀၀၀၀/-)

Sales Manager, Marketing Manager, Sales Promoter, Marketing Assistant

MCC

ဒေါ်အမာ
(ကလေးမြို့)
အသက်(၉၂)နှစ်

ကလေးမြို့ အောင်မင်္ဂလာရပ်ကွက်နေ (ဦးမြဦး)၏ ဇနီး၊ ဦးခင်စိုး–ဒေါ်သန်းကြင်၊ (ဦးငြိမ်းမောင်– ဒေါ်ဝင်းကြည်)၊ ဦးခင်မောင်မြ–ဒေါ်ဝင်းရည်၊ ဒေါ်တင်လုံ(အထက–၁၊ကလေးမြို့) တို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်ကိုးယောက်၊ တီသုံးယောက် တို့၏ အဘွားသည် ၁၇–၄–၂၀၀၄ ရက်ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၄–၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ပြင်သာသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဒေါက်တာခင်မောင်လတ်(ခ)ဦးကျင်တိတ်
(တိုက်ကြီး)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊ အမှတ် ၅၁ နေ(ဦးဘချူး–ဒေါ်ခင်စော)တို့၏သား၊ (ဦးဖိုးယား–ဒေါ်ရှုကီ)တို့၏သားသမက်၊ (ဦးရန်ဝှက်–ဒေါ်အော)၊ (ဦးရောက်တန်း)–ဒေါ်ကျင်ဝမ်၊ ဦးအောင်ရွှေ–ဒေါ်ရှုပ်ဝှါ၊ ဦးကျင်ရှိန်–ဒေါ်တင်စိန်၊ ဦးယုရုံ–(ဒေါ်တင်ကြည်)၊ ဦးလှမြင့်–(ဒေါ်မြင့်)၊ ဒေါ်သန်းလွင်၊ ဒေါ်ကျင်သိန်းတို့၏ညီ/မောင်၊ ဒေါ်ရီစလင်း(ခ)ဒေါ်ခင်နှင်းအေး၏ခင်ပွန်း၊ ကိုလင်းအောင်သက်–မသစ်သစ်ဦး၊ Dr.မီမီသက် (အလုပ်သမားဆေးရုံကြီး)တို့၏ဖခင်ကြီးသည် ၁၉–၄–၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၀၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၄–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး အရိုးပြာကို တိုက်ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ကိုညီညီထွန်း (တူးတူး) (တောင်ကြီးမြို့)
အသက်(၃၇)နှစ်

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ဝန်ကြီးလမ်း၊ အမှတ် ၆၃ နေ [ဦးဆယ်မျိုရယ်(လ်)မြတ်ထွေး]–ဒေါ်နုနုတို့၏သား၊ ဒေါက်တာတေဇ–ဒေါ်နန်းမူငွေကြည်၊ ဗိုလ်မှူးသာထွန်းဇံ(MPPE)–ဒေါ်မေစန္ဒာဝင်းတို့၏ ညီ/မောင်၊ ကိုညီညီထွေး–မအေးအေးကျော်တို့၏အစ်ကို၊ မစိမ်းဝင့်ဝါ၊ မောင်မင်းထက်ကိုကိုတို့၏ဖခင်သည် ၁၉–၄–၂၀၀၄ရက် မွန်းလွဲ ၁၂း၂၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်ပါသဖြင့် ၂၁–၄–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် တိုင်းရင်းသားပေါင်းစုံ နှစ်ခြင်းခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်ကြီး

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာနေ ဦးမောင်မောင်လေးနှင့်ဇနီး မယဉ်မာနိုင်တို့၏အစ်ကို ဦးမောင်မောင်ကြီးသည် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဟာဂျီဦးခင်မောင်နှင့်မိသားစု။**

ဒေါ်ခင်ဆွေစိုး
ဦးဆောင်ညွှန်ကြားရေးမှူး
သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၃၊ မကြီးကြီးလမ်းနေ (ဦးသန်းတင်–ဒေါ်ခင်ဆွေအေး)တို့၏သမီး၊ ဦးကိုကို–(ဒေါ်မိမိခင်)တို့၏ သမီးချွေးမ၊ ဦးခင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၏ဇနီး၊ မခင်ဆွေဝင်းကို၊ မောင်မျိုးဇင်၊ မောင်မျိုးထွေးတို့၏မိခင်၊ ဦးမြရွှေ–ဒေါ်ခင်ဆွေလှိုင်တို့၏ညီမ၊ ဦးမောင်မောင်သန်းတင်–ဒေါ်ညွန့်ညွန့်ရီ၊ ဒေါ်ခင်ဆွေသန်း၊ ဦးမျိုးဟိန်း၊ ဒေါက်တာစောထွန်း–ဒေါက်တာခင်ဆွေဦး၊ ဗိုလ်မှူးချုပ်မျိုးလွင်–ဒေါ်ခင်ဆွေရင်နှင့် ဦးမျိုးဒင်တို့၏အစ်မသည် ၂၀–၄–၂၀၀၄ရက် ည ၇း၄၀ နာရီတွင် ရန်ကုန်မြို့၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂–၄–၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်၍ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးကြည်ညွန့် (ချစ်ကြည်ရေး–ကြည်ညွန့်)
စာတည်းမှူးချုပ်(ငြိမ်း)၊ မြန်မာ့အလင်းသတင်းစာတိုက်

ချစ်ခင်လေးစားရသော ဆရာကြီးကွယ်လွန်ခြင်းအတွက် အစ်မ ဒေါ်ခင်ခင်နု၏မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

သတင်းထောက် ဦးကျော်လှ၊ (သား) ကိုဝင်းကျော်၊
(သမာဓိ မိသားစု)၊ ကုန်သည်ကြီးလမ်း၊ တောင်ငူမြို့။

ဝမ်းနည်းကြေကွဲခြင်း

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် ဒေါ်ခင်ဆွေမြင့်(ပါမောက္ခ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏မိခင် ဒေါ်အေးမြင့်(မော်လမြိုင်)ကွယ်လွန်သည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Moby Dick Tour Co., Ltd. နှင့် ဝန်ထမ်းများ၊
United Wood Industries Co., Ltd. နှင့် ဝန်ထမ်းများ။

ချူကြိုးတေး(ခ)ဒေါ်ငယ်
(ရေတာရှည်မြို့)
အသက်(၁၀၃)နှစ်

တောင်ငူမြို့နေ(ချူဦးစန်း–ဒေါ်ပူဝါး)တို့၏သမီး၊ တော်ကီကျွမ်း(ခ)ဦးကြည်ရွက်၏ဇနီး၊ ဦးဟံကွန်း–ဒေါ်ညွန့်ညွန့်၊ ဦးကိန်လွန်း–ဒေါ်ဝေသန်း၊ (ဦးစိုးလှိုင်)၊ ဦးအေးမင်း–ဒေါ်ခင်ခင်မြတ်၊ [ဦးဘေယား(ခ)ဦးကျော်ဝင်း] – ဒေါ်မြမြလွင်၊ ဦးကိန်းဝင်း – ဒေါ်ခင်ထားထားတို့၏မိခင်၊ မြေး ၂၅ ယောက်၊ မြစ် ၂၆ ယောက်တို့၏အဘွားသည် အမှတ် ၆၅၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်၌ ၂၀–၄–၂၀၀၄ရက် နံနက် ၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၄–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ဝိုင်း (လယ်ဝေး)
အသက်(၈၃)နှစ်

မန္တလေးတိုင်း၊ လယ်ဝေးမြို့နယ်၊ နောင်ဘိုအရှေ့ရွာနေ (ဦးဘိုးမျှင်–ဒေါ်အေးကောင်း)၏သမီးကြီး၊ (ဦးမောင်ပု)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးသိန်းလွင်–ဒေါ်သန်းသန်းလွင်၊ သပြေပင်ရွာနေ ဦးသိန်းလွင်–ဒေါ်နီနီလွင်၊ ရန်ကုန်မြို့နေ ဦးမျိုးသိန်း–ဒေါ်စန်းစန်းလွင်၊ ဦးမောင်မောင်လွင်–ဒေါ်စိုးစိုးမော်တို့၏ မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၂၀–၄–၂၀၀၄ရက် နံနက် ၈ နာရီတွင် ဗဟိုရ်စည်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ခင်အေး
(အဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့–၅) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အသက်(၆၀)

သာကေတမြို့၊ ၃/မာန်ပြေရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် ၂၉ နေ (ဦးဆင့်–ဒေါ်စောညွန့်)တို့၏ သမီး၊ (ဦးဘသွင်–ဒေါ်အေးခင်)တို့၏ သမီးချွေးမ၊ ဒေါ်သန်းမြ၊ (ဦးညိုမောင်)–ဒေါ်နွဲ့၊ (ဦးတိုးမောင်)–ဒေါ်ခင်တင့်တို့၏ညီမ၊ (ဦးစန်းမောင်)၏ဇနီး၊ မခင်ဆွေဆင့်(ကျန်းမာရေးဦးစီးဌာနရုံးချုပ်)၊ မောင်တင်အောင်မိုး–မခင်ဆွေမြင့်(ဟိုတယ်/ခရီး)၊ မောင်စန်းကိုကို–မမူမူခင်(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)တို့၏ မိခင်သည် ၂၀–၄–၂၀၀၄ရက် နံနက် ၃း၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၂–၄–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဦးညီညီအောင် (မန္တလေး)
(B.V.S)
အသက်(၄၂)နှစ်

မန္တလေးမြို့၊ ၃၂ လမ်း၊ ရန်မျိုးလုံရပ်နေ (ဦးစန်းနွယ်)–ဒေါ်တင်တင်တို့၏ သား၊ ၈၁ လမ်း၊ ၁၃ x ၁၄ လမ်းကြားနေ ဦးသောင်းရင်–ဒေါ်စန်းတို့၏ သားသမက်၊ ရဲအုပ်အေးကို–ဒေါ်ခင်မြဝင်း၊ ဒေါ်ရည်ရည်အောင် (ပါမောက္ခ ဌာနမှူး၊ ရှေးဟောင်းသုတေသနပညာဌာန၊ရန်ကုန်တက္ကသိုလ်)၊ ဦးသန်းနိုင်(ဦးစီးအရာရှိ၊ ရှေ့နေချုပ်ရုံး) – ဒေါ်တင့်တင့်ထူး၊ ဦးကျော်စိုး–ဒေါက်တာကြည်ကြည်ခိုင် (မိခင်/ကလေး၊ မလှိုင်)၊ ဒေါ်မူမူအောင် (အထပြ၊ အထက–၁၆၊ မန္တလေး)တို့၏ ညီ/မောင်၊ ဒေါ်နီနီအေး (အမက–၃၄၊ မန္တလေး)၏ခင်ပွန်း၊ မခိုင်ဆုညီညီ၏ဖခင်သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အသည်းရောဂါဌာန၌ ၁၉–၄–၂၀၀၄ရက် (တနင်္လာနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁–၄–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (လှိုင်တက္ကသိုလ်နယ်မြေ၊ အင်ကြင်းဆောင် အဆောင်မှူး ဒေါ်ရည်ရည်အောင်၏ နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ပဏ္ဍိတ မဟာထေရ်မြတ်
သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၅၂)ဝါ

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ မြသိန်းတန်ဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဖြစ်တော်မူခဲ့သော ဘဒ္ဒန္တ ပဏ္ဍိတ မဟာထေရ်မြတ်သည် (၁၃၆၅ ခုနှစ် တန်ခူးလဆန်း ၉ ရက်) ၂၉–၃–၂၀၀၄ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၇ ရက်) ၂၅–၄–၂၀၀၄ရက်တွင် အန္တိမအဂ္ဂိစျာပနပွဲ ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။
စျာပနကျင်းပရေးကော်မတီ
ထန်းတပင်မြို့၊ရန်ကုန်တိုင်း။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ ဇဋိလ
(ရွှေတိဂုံ အဖွားခက်မွှောရုံ)
သက်တော်(၆၉)နှစ်၊ သိက္ခာတော်(၄၉)ဝါ

ရွှေတိဂုံအောက်ပစ္စယံ အဖွားခက်မွှောရုံ၌ သီတင်းသုံးနေထိုင်တော်မူသော အဖွားခက်ဆရာတော် ဘဒ္ဒန္တ ဇဋိလ (သာသနဓဇ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ) မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်၊ လိပ်ခြံရွာ ဆရာတော်ကြီးသည် ၁၃၆၆ခုနှစ်၊ ကဆုန်လဆန်း ၂ ရက် (အင်္ဂါနေ့) ညနေ ၃း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။ (အန္တိမစျာပနရက်ကို ထပ်မံကြေညာပါမည်။)
တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ဦးကျော်ဇောအောင်
ဒု–လ/ထအင်ဂျင်နီယာ(ငြိမ်း)
ဆက်သွယ်ရေး
(စစ်တွေ/မောင်တော)
အသက်(၇၆)နှစ်

မောင်တောမြို့ (ဦးမောင်ကျော်ဦး–ဒေါ်စောညို)တို့၏သား၊ (ဒေါ်နုအောင်)၏ခင်ပွန်း၊ ဦးမောင်လှအောင်–(ဒေါ်ဦးသံဒါ)တို့၏မောင်၊ ဗိုလ်မှူးကျော်မောင် (ရေ၊ငြိမ်း)–ဒေါ်မေကြည်တို့၏ အစ်ကို၊ ဦးမဲအောင်(ဆသရ၊ အင်/ယာ)–ဒေါ်တင်မာရီ(ဆသရ၊ငြိမ်း)၊ ဦးအောင်သန်း(ဆသရ)–ဒေါ်နုနုဌေး (တယ်လီဖုန်းအခွန်)၊ ဒေါ်ခင်မိမိကျော် (ကြေးနန်း)တို့၏ဖခင်၊ ယုနန္ဒာအောင်(3rd MB)၊ ဖြိုးဖြိုးသန်း၊ မီးငယ်တို့၏အဘိုးရှင်သည် တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၃၈ နေအိမ်၌ ၁၉–၄–၂၀၀၄ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၄–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးချို
(စိုက်ပျိုးရေး၊ ငြိမ်း)
အသက်(၇၆)နှစ်

တိုက်ကြီးမြို့နယ်နေ (ဦးတိတ်–ဒေါ်မိ)တို့၏သား၊ (ဦးသိန်းမောင်–ဒေါ်တင်ရှိန်)တို့၏သားသမက်၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယလမ်း ၂၀၊ အမှတ် ၄၃၂နေ ဒေါ်တင်လှိုင်၏ခင်ပွန်း၊ ဦးတင်မောင်ဝင်း–ဒေါ်ခင်မာချို(ဒု–ဦးစီးမှူး၊ ကညန)၊ ဒေါ်ဥမ္မာချို(စိုက်ပျိုးရေးရုံးချုပ်)၊ ဒု–တပ်ကြပ် အောင်ကျော်ချို (သက္ကလရဲစခန်း)–ဒေါ်ကေသီ၊ ဦးဉာဏ်ဝင်းချို (သချာ)–ဒေါ်မြမြအေး၊ ဒေါ်သန္တာချို (ဌာနခွဲမှူး၊ ထုတ်လုပ်ရေးဌာန၊ Y.C.D.C)၊ ဒု–ရဲအုပ်ကျော်မျိုးလှိုင် (မိုင်းတုံရဲစခန်း)–ဒေါ်စန်းစန်းမြင့်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၀–၄–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၄–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသောင်းရွှေ
အသက်(၇၂)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ ၁၆ လမ်း၊ အမှတ် ၉၆၂နေ(ဦးဘိုအောင်–ဒေါ်ငွေတင်)တို့၏သား၊ [ဒေါ်သန်းညွန့်(ခ)ဒေါ်ဆောင်း]၏ခင်ပွန်း၊ ဒေါ်ခင်ရွှေ၏မောင်၊ ဦးကိုကိုဦး–ဒေါ်စန္ဒာဌေး၊ ဦးအုန်းရွှေ–ဒေါ်တင်မိုးလှိုင်(ခ)ဒေါ်မိုးမိုး၊ ဒေါ်သီတာဝင်း၊ ဦးတင်ဦး–ဒေါ်စန္ဒာဝင်းတို့၏ ဖခင်၊ မသဥ္ဇာဦး၊ မအိမင်းထက်၊ မောင်ဩရသတို့၏အဘိုးသည် ၁၉–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၄–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် မြောက်ဥက္ကလာပဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်သောင်းစိန်
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း၊အမှတ် ၁၄၆(တတိယထပ်)နေ(ဦးဖိုးမြ–ဒေါ်ကြော့)တို့၏သမီး၊ (ဦးအေးမောင်)၏ဇနီး၊ ဦးကျော်စိန်–ဒေါ်မူမူမြင့်၊ ဦးစိုးဝင်း–ဒေါ်ငွေငွေအောင်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ် ၁၀ယောက်တို့၏အဘွားသည် ၂၀–၄–၂၀၀၄ရက် နံနက် ၆း၂၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၂–၄–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်လေး (ကျိုက်ထို)
ဆက်သွယ်ရေး(အငြိမ်းစား)
အသက်(၇၀)

ကျိုက်ထိုမြို့နေ (ဦးမောင်လေး–ဒေါ်ညိုမြ)တို့၏သား၊ (ဒေါ်လုံးတင်)၊ ဒေါ်လုံးခင်၏မောင်၊ ဒေါ်တင်ကြည်၏အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁၄/၁)ရပ်ကွက်၊ ၇ လမ်း၊ အမှတ် ၁၄၄/၂ နေ ဒေါ်အေးကြည်၏ခင်ပွန်း၊ ဦးတင်ဦး–ဒေါ်အေးအေး၊ ဦးသိန်းတန်–ဒေါ်စန်းစန်းဝင်း၊ ဦးလှဝင်း–ဒေါ်ဌေးဌေး၊ (ဦးစိုးဟန်)–ဒေါ်သင်းသင်းခိုင်၊ ဦးစိုးထွန်း–ဒေါ်တင်တင်ဌေး၊ ဦးသိန်းဇော်–ဒေါ်ဖြူဖြူထွေးတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၉–၄–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၄–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်ညွန့်(ခ)
ပေါက်ပေါက် (မန္တလေး)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ တိုက် ၂၂၂/၁၂ နေ ဦးစိုးကြည်အောင် (ဒု/လထ ညွှန်မှူး၊ ငြိမ်း၊ စက်မှု–၁)၏ဇနီး၊ မန္တလေးမြို့နေ [ဦးသာထွန်း(ဘဏ္ဍာတော်မင်းကြီးအတွင်းဝန်)–ဒေါ်သန်း]တို့၏သမီး၊အရာတော်မြို့နယ်နေ (ဦးပြေဝါ–ဒေါ်သိန်းညို)တို့၏သမီးချွေးမ၊ ဒေါ်သန္တာအောင် (သုတေသနအရာရှိ၊ စက်မှု အင်ဂျင်နီယာဌာန၊ Y.T.U)၊ မယင်းမာစိုး(UDE,Eco)တို့၏မိခင်၊ ဒေါ်ခင်ခင်အေး (အထက်တန်းပြ၊ ငြိမ်း)၏ညီမ၊ ဦးလှထွန်း–ဒေါ်နီလာဇံ(မိတ္ထီလာ)၊ဦးအောင်မျိုးသန့် (အထူးမှူးယစ်၊ ကယားပြည်နယ်ရဲတပ်ဖွဲ့)–ဒေါ်သင်းသင်း၊ဦးရန်နိုင်ထွန်း(R/O)–ဒေါ်သင်းသင်းလှိုင် (အလယ်တန်းပြ၊ ငြိမ်း)တို့၏အစ်မသည် ၂၀–၄–၂၀၀၄ရက် နံနက် ၃း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၄–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးဘသောင်း (ရမ်းဗြဲ၊ သံတွဲ)
S.A.T(ငြိမ်း)အထက–၁၊ သံတွဲ
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၈၆၅၊ အောင်သပြေအနောက် ၁၀ လမ်း၊ သာကေတမြို့နယ်နေ (ဦးမဲချေ–ဒေါ်အောင်မညို)တို့၏သား၊ (ဒေါ်မြစိန်)၏ ခင်ပွန်း၊ ဦးတင်ဝင်း(ဒု–ညွှန်မှူး၊ မြစ်ချောင်းဖြိုး၊ မကွေး)–ဒေါ်ခင်စန်းဝင်း၊ ဦးခင်မောင်သောင်း၊ ဒေါ်ခင်ခင်သောင်း(အထက–၂၊ သာကေတ)၊ ဦးခင်ဖေသောင်း(S.Y Co., Ltd.)–ဒေါ်သင်းသင်းမာတို့၏ဖခင်၊ဦးကျော်ထက်(S.A.E၊မြစ်ချောင်းဖြိုး၊ ရန်ကုန်)၊ မသက်လှိုင်ဆွေ (နည်းပညာတက္ကသိုလ်၊မကွေး)၊ မနှင်းရည်ဖွေး (B.A Business Science)၊ မမြတ်ဆု(X၊ အထက–၂၊ သာကေတ)တို့၏အဘိုးသည် ၁၄–၄–၂၀၀၄ရက် ညနေ ၅း၃၀ နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅–၄–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း။
ကျန်ရစ်သူမိသားစု။

ဦးစိုးမြင့် (ထားဝယ်)
M.O.G.E (ငြိမ်း)
အသက်(၇၇)နှစ်

ထားဝယ်မြို့နေ (ဦးမောင်ကြီး–ဒေါ်အေးစိန်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ စွမ်းအင်လမ်း၊ အမှတ် ၆၇၉ နေ ဒေါ်တင်နု၏ခင်ပွန်း၊ ဦးမောင်မောင်–ဒေါ်ဝင်းမြင့်၊ (ဦးအောင်သန်း)–ဒေါ်ခင်လေး၊ ဦးစိုးလွင်–ဒေါ်သန်းသန်းဆင့်၊ ကိုကျော်စိုး၊ ကိုတင်အေး–မသီတာ၊ ကိုဝင်းသိန်း၊ကိုအောင်မင်းသိန်း–မစုစုမာတို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏ အဘိုးသည် ၂၀–၄–၂၀၀၄ရက် (အင်္ဂါနေ့)ညနေ ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၄–၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁၂း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

မမေဦးမိုး
(နဝမတန်း၊ ထ–၁၊ သုဝဏ္ဏ)
အသက်(၁၅)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ် ၅၊ တိုက်အမှတ် ၉၀၊ အခန်း ၇ နေ ဦးမြင့်သိန်း–ဒေါ်လှလှ၊ ဦးလှမြင့်–ဒေါ်တင်ရီတို့၏မြေး၊ ကိုတင်ဇော်မိုး–မတင်တင်မျိုးတို့၏သမီး၊ မဖူးဇေရယ်မိုး၊ မောင်အောင်လွင်ဦးတို့၏ အစ်မသည် ၁၉–၄–၂၀၀၄ရက် (တနင်္လာနေ့)တွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၁–၄–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးသန်းထွန်း
(ရခိုင်ရိုးကြီးကျေးရွာ)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်ဘူတာရပ်၊ ပန်းလှိုင် ၄ လမ်း၊ အမှတ် ၁၃၈ နေ (ဦးဘသော်–ဒေါ်ရွှေချစ်)တို့၏သား၊(ဒေါ်အေးမြင့်၊ မင်းတုန်း)၏ခင်ပွန်း၊ ဦးဌေးဝင်း (Petronas Carigali Myanmar Limited)–ဒေါ်ခင်ဝင်းမြင့်၊ ဦးဇော်ဝင်းအောင်၊ ဦးဇော်လင်းအောင်၊ (ဦးဇော်ဒိုင်း)–ဒေါ်ခင်ဝင်းတင့်၊ ဦးဇော်မိုးအောင်၊ ဦးမြတ်သူ–ဒေါ်ဌေးဌေးတင့်တို့၏ဖခင်၊ မမြတ်မွန်၊ မောင်ဗဟုဇော်ဒိုင်း၊ မောင်ဘုန်းမြတ်သူ၊ မောင်ဟန်သူရတို့၏ အဘိုးသည် ၂၀–၄–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၄–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

သာယာဝတီမြို့နယ်အသင်း
ဒေါ်သိန်းအိ
အသက်(၇၄)နှစ်

မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ပိတောက်ရိပ်ငြိမ် ၁ လမ်း၊ အိမ်အမှတ် ၁၃ နေ သာယာဝတီမြို့နယ်အသင်း အလုပ်အမှုဆောင် ဦးတင်သိန်း၏ဇနီး၊ သာယာဝတီမြို့နယ်အသင်း ရာသက်ပန်အသင်းသားအမှတ်(၂၂၂) ဒေါ်သိန်းအိသည် ၁၉–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၄–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အမှုဆောင်များ၊ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)
အမှုဆောင်အဖွဲ့။

ဦးစောထွန်းအောင်
(Ronnie)
အသက်(၇၅)နှစ်

(ဦးစိန်ထွန်းအောင်–ဒေါ်စံမြသူ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၇(က)၊ သီရိလမ်း၊ ကျောက်ကုန်းနေ ဒေါ်ခိုင်ခိုင်(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဌာနနှင့် ယခင် တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)၏ခင်ပွန်း၊ ဒေါက်တာသန္တာအောင်–ဦးအောင်ခင်ဇံ၊ ဒေါ်မြမူအောင်–Mr. Pisit Sae Jiam၊ ဒေါ်သိန်းသိန်းအောင်၊ ဦးမိုးကျော်အောင်–ဒေါ်ဝေဝေသန်းတို့၏ဖခင်၊ ဇခိုင်ဇံ၊ Jeffrey တို့၏အဘိုးသည် ၂၀–၄–၂၀၀၄ရက် နံနက် ၂ နာရီတွင် အကယ်ဒမီအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁၂း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ထားခင် (ပဲခူးမြို့)
အသက်(၇၇)နှစ်

ရန်ကုန်တိုင်း(မြောက်ပိုင်း)ခရိုင်၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့၊ အမှတ် ၈၂၃ (အေ)၊ အောက်မင်္ဂလာဒုံလမ်းနေ (ဦးကျော်မြ–ဒေါ်သန်း)တို့၏ သမီး၊ ဦးလှအောင်၏ဇနီး၊ ဦးစီးအရာရှိ ဦးတင့်ဝေ(ငြိမ်း၊ အကျဉ်းဦးစီးဌာန)၊ ဒေါ်တင်တင်(အထက်တန်းပြ၊ ငြိမ်း)တို့၏မိခင်၊ မောင်မိုးမင်းသိမ်း၊ မခင်ခင်ဆွေ၊ မောင်နေလှိုင်ဘွား၊ မောင်ကျော်လင်းသိမ်း၊ မောင်ဟိန်းထွဋ်တို့၏အဘွားသည် ၁၉–၄–၂၀၀၄ရက်(တနင်္လာနေ့) ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၄–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊တန်ဆောင်း၊ ဇရပ်၊ရေတွင်း၊ရေကန်ဒါယိကာမကြီး
ဒေါ်ခင်ကြည် (ရွှေတောင်မြို့)
(မြပိုးထည်တိုက်)
အသက်(၇၂)နှစ်

ရွှေတောင်မြို့ (ဦးခင်မောင်–ဒေါ်ထားပု)တို့၏သမီးငယ်၊ ရန်ကုန်မြို့၊ လမ်း ၃၀၊ အမှတ် ၂၃၇ (ဒုတိယထပ်)နေ (ဦးမြ)–ဒေါ်ညွန့်ညွန့်ခင်တို့၏ ညီမ၊ မောင်လှသောင်း၊ မောင်မြင့်ကြည်တို့၏ အစ်မသည် ၂၀–၄–၂၀၀၄ရက် ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၄–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ငွေ(ခ)ဒို့နီလာဝင်း
ဒု–တပ်ခွဲမှူး
(မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တာမွေမြို့နယ်)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းကွက်သစ်၊ ၁လမ်း၊ အမှတ် ၁၆ နေ (ဦးအုန်းမောင်–ဒေါ်တင်မြ)တို့၏သား၊ ဒေါ်အေးရီ၏ ခင်ပွန်း၊ ဦးခင်မောင်ဦး–ဒေါ်ရီရီဌေး၊ ဦးအေးနိုင်–ဒေါ်မြင့်မြင့်မော်၊ ဦးအေးသိန်း–ဒေါ်အေးအေးမော်၊ ဦးစိန်လှမောင်–ဒေါ်ဝင်းဝင်းတင်၊ မသင်းသင်းအောင်၊ မသက်သက်ဦး၊ မောင်အောင်မြင့်ဦးတို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏ အဘိုးသည် ၁၉–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၄–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယကာကြီး
ဦးသန်းထွန်း
(ရခိုင်ရိုးကြီးကျေးရွာ)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်ဘူတာရပ်၊ ပန်းလှိုင် ၄ လမ်း၊ အမှတ် ၁၃၈ နေ (ဦးဘသော်–ဒေါ်ရွှေချစ်)တို့၏သား၊ ကြည့်မြင်တိုင်မြို့နယ်၊ အုန်းပင်လမ်းနေ ဒေါ်လှမြိုင်၏တူ၊ (ဒေါ်အေးမြင့်–မင်းတုန်း)၏ခင်ပွန်း၊ သမိုင်းနေ(ဦးစိန်ထွန်းအောင်)–ဒေါ်တင်နုတို့၏ ညီ၊ သမိုင်းနေ ဦးအုန်းဟန်–(ဒေါ်လှရှိန်)၊ ဦးဖိုးစိန်လမ်းနေ (ဦးအောင်ကြွယ်)–ဒေါ်ခင်လှိုင်၊ ကြည့်မြင်တိုင်နေ ဦးစံမြ–ဒေါ်သန်းမြင့်၊ ဦးစိန်မြို့–ဒေါ်တင်ရီ၊ ဗိုလ်မှူးချုပ်စိုးမြင့်–ဒေါက်တာ ဒေါ်ညွန့်ညွန့်၊ (ဦးဝင်းမောင်)–ဒေါ်မြစိုးတို့၏ အစ်ကိုသည် ၂၀–၄–၂၀၀၄ရက် (အင်္ဂါနေ့)မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၄–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူညီအစ်ကိုမောင်နှမတစ်စု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒူဝါထိန်နန်မုန်ဝေါင်
အသက်(၅၆)နှစ်

ယခင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့မရပ်နေ၊ ယခု ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ (၁၄)ရပ်ကွက်၊ မိုးကောင်းဘုရားလမ်း၊ အိမ်အမှတ် ၆ နေ ဒူဝါထိန်နန်နော်–ဒေါ်ခခရန်ဂျာလုတို့၏သားဦး၊ သင်းထောက်ဦးထိန်နန်တူး၏တူ၊ ဒေါ်ထိန်ဘိုင်းရွယ်၏ခင်ပွန်း၊ ဒေါ်ထိန်နန်ဂျာပိုင်–ဦးအင်ဂန်ဂွမ်ဂျာ၊ ဦးထိန်နန်ခွန်နော်–ဒေါ်လုမိုင်၊ (ဦးထိန်နန်လဆိုင်း)–ဒေါ်ဂျထု၊ ဦးထိန်နန်မစော်တူး–ဒေါ်ခါးတောမ်၊ ဒေါ်ထိန်နန်ဂျာခမ်–ဆရာဦးလနူးတို့၏ အစ်ကို၊ မထိန်နန်လုဆန်၊ မောင်ထိန်နန်ဂွမ်ဂျာနော်၊ မထိန်နန်ရွယ်ဆိုင်း၊ မောင်ထိန်နန်လုလုံးတို့၏ဖခင်သည် ၂၀–၄–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၄း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်ပါ၍ ၂၂–၄–၂၀၀၄ ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [နေအိမ်နှင့်ကချင်ဘုရားကျောင်း(စမ်းချောင်း)မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့်မြင့်မြင့်မားမားတိုးတက်လျက်ရှိ စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းများသိသိသာသာတိုးတက်လာမည်သေချာ စိုက်ပျိုးရေးကိုအခြေခံသည့်စက်မှုနိုင်ငံမှ ခေတ်မီစက်မှုနိုင်ငံသို့မြန်မြန်ကူးပြောင်း

ရန်ကုန် ဧပြီ ၂၀

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)ကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ကျင်းပရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

အမှာစကား

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)တွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ထူးထူးခြားခြားကမ္ဘာတစ်လွှား

နားရွက်လေးရွက်ပါ လီလီ

အပေါ်ပုံမှာ ဂျာမနီနိုင်ငံတောင်ပိုင်းရှိ မာနော မြို့တွင်ရှိသော တိရစ္ဆာန်ဂေဟာ၌ ထူးဆန်းစွာ နားရွက်လေးရွက် ပါရှိလာသည့် ခြောက်လသားအရွယ် လီလီ အမည်ရှိ ကြောင်ငယ်လေးတစ်ကောင်ကို တွေ့ရပုံဖြစ်သည်။ **(ဓာတ်ပုံ-အင်တာနက်)**

ဘာရင်နှင့်ဆီဒေါ်ဖ်ပျော်ရွှင်စွာကစား

အောက်ပုံမှာ ရုရှားနိုင်ငံ စိန့်ပီတာစဘတ် တိရစ္ဆာန်ဥယျာဉ်၌ ဧပြီ ၁၉ ရက်က ပျော်ရွှင်မြူးတူးစွာ နပန်းသတ် ဆော့ကစားနေကြသော ဝင်ရိုးစွန်းဝက်ဝံ ဘာရင်နှင့် ဆီဒေါ်ဖ်တို့ကို တွေ့ရစဉ်။

စိန့်ပီတာစဘတ် တိရစ္ဆာန်ဥယျာဉ်တွင် လွန်ခဲ့သော နှစ် ၇၀ အတွင်း ဝင်ရိုးစွန်းဝက်ဝံကောင်ရေ ၁၀၀ ကျော် ပေါက်ပွားခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းအောင်မြင် ရန်ကုန်-နယူးဒေလီခရီးစဉ်သစ်တိုးချဲ့ပျံသန်းနေပြီ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - သောင်းဝင်းဗိုလ်

ရန်ကုန် ဧပြီ ၂၀

အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းသည် ၂၀၀၃ ခုနှစ် ဩဂုတ်လတွင် စတင်တည်ထောင်သည့် ၁၀နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အဆိုပါ MAI လေကြောင်းလိုင်းအတွက် မြန်မာ့လေကြောင်းလိုင်းမှ ၄၀ ရာခိုင်နှုန်း အချိုးကျပါဝင်ပြီး အကျိုးတူပူးပေါင်းဆောင်ရွက်နေသော လေကြောင်းလိုင်းဖြစ်ပြီး လေကြောင်းလောကတွင် ကောင်းသတင်းဖြင့် ထင်ရှားလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်းသည် ခရီးသည်များပို့ဆောင်ပေးရာတွင် နိုင်ငံတကာ အတွေ့အကြုံတို့ကို များစွာရရှိထားသဖြင့် ဝန်ဆောင်မှုကောင်းခြင်း၊ ခရီးသည်များ သက်သောင့်သက်သာရှိခြင်း၊ ခရီးသည်များ စိတ်ကျေနပ်မှုကို ပေးစွမ်းနိုင်ခြင်းတို့ကြောင့်လည်း ၁၀ နှစ်တာ ကာလအတွင်း အောင်မြင်မှုများစွာကို ရရှိခဲ့သည်။ ခေတ်မီ၍ သက်သောင့်သက်သာရှိမှုနှင့် သိမ်မွေ့သောအစဉ်အလာတို့ကို ထိန်းသိမ်းခြင်းဟူသော MAI ၏ ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ▼

ယနေ့ထုတ်ခေါင်းရေ - ၂၀၁၂၇၈

အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းပိုင် ခေတ်မီလေယာဉ်ကြီးများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်း၌ ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-သောင်းဝင်းဗိုလ်)